# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ စနေနေ့။ Saturday, 25 October 2025 ၁၁၉၈၁


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၄

၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။






ကြေးမုံ

# ပြည်သူလူထုလူမှုစီးပွားဘဝလုံခြုံရေး အွန်လိုင်းဒုစရိုက်မှုများ တားဆီးအရေးယူ

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ လုံခြုံစိတ်ချရေးအတွက် အနှောင့်အယှက်အဟန့်အတားတစ်ခု ဖြစ်နေသည့် အွန်လိုင်းလိမ်လည်မှုများနှင့် လောင်းကစားမှုများကို နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်တွင်း၌သာမက နယ်စပ်ဒေသများတွင်ပါ ရှာဖွေဖော်ထုတ် တားဆီး အရေးယူ တိုက်ဖျက်လျက်ရှိရာ ယခုအခါ အဆိုပါအမှုအမျိုးမျိုးကို ကျူးလွန်လျက် ရှိသည့် ဒုစရိုက်ဂိုဏ်းများနှင့် ပါဝင်ပတ်သက်သူများကို ဥပဒေနှင့်အညီ အရှိန်အဟုန် မြှင့်တင် အရေးယူဆောင်ရွက်လျက်ရှိသည်။

အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုအမျိုးမျိုးသည် မြန်မာနိုင်ငံတွင် သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ ကြီးမားကျယ်ပြန့်လျက်ရှိသဖြင့် မြန်မာနိုင်ငံအစိုးရ က အလေးထားတိုက်ဖျက်နှိမ်နင်းလျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံများနှင့် သက်ဆိုင်ရာနိုင်ငံများပါ ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိသည်။ နည်းပညာ တိုးတက်ထွန်းကားလာသော မျက်မှောက်ကာလတွင် ကမ္ဘာ့ပြည်သူများအားလုံး အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍပေါင်းစုံတို့၌ အွန်လိုင်းပလက် ဖောင်းအမျိုးမျိုးအား တွင်ကျယ်စွာအသုံးပြုလျက်ရှိနေကြသည်ကို ဒုစရိုက်ဂိုဏ်းများ နှင့် မသမာသူများက အခွင့်အလမ်းတစ်ရပ်အဖြစ် အကျိုးအမြတ်ရှာဖွေဖော်ထုတ် လုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံတကာနှင့်ပတ်သက်၍ မြန်မာနိုင်ငံနယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ အဆိုပါ ဒုစရိုက်လုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးရှာဖွေ ဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။ ထိုသို့စုံစမ်းဖော်ထုတ်လျက်ရှိရာ တွင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့မှတစ်ဆင့် ဖြတ်သန်း၍ မြန်မာနိုင်ငံ နယ်စပ်ဒေသများသို့ တရားမဝင် ဝင်ရောက်လာကြရာ မကြာသေးမီရက်ပိုင်းအတွင်း က ကရင်ပြည်နယ် မြဝတီ -မဲ့ထော်သလေး (KK Park) နယ်မြေတွင် အွန်လိုင်းလိမ်လည် မှုနှင့် လောင်းကစားမှုကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံ ၁၄ နိုင်ငံမှ နိုင်ငံသားများကို ဥပဒေနှင့်အညီ စနစ်တကျထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဝိသမလောဘသား စီးပွားရေးလုပ်ငန်း ရှင်အချို့သည် အွန်လိုင်းအခြေပြုလောင်းကစားဝက်ဘ်ဆိုက်များ တည်ထောင်ပြီး လူမှုကွန်ရက်များပေါ်တွင် အများပြည်သူတို့အား မက်လုံးအမျိုးမျိုးပေးပြီး ပေါ်ပေါ် ထင်ထင် ကြော်ငြာများ လွှင့်တင်ဖြန့်ဝေလျက်ရှိရာ ယင်းတို့ကို မကြာခဏ ရှာဖွေ ဖော်ထုတ် ဖမ်းဆီးအရေးယူနေသည်ကို တွေ့ရမည်ဖြစ်သည်။ ပြီးခဲ့သည့်ရက်ပိုင်း အတွင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့နှင့် မန္တလေးတိုင်းဒေသ ကြီးအတွင်းရှိ မြို့နယ်အချို့တို့တွင် အွန်လိုင်းလောင်းကစားလုပ်ကိုင်နေသည့် အေးဂျင့်များနှင့် လုပ်ကိုင်ဆောင်ရွက်နေသူများကို သက်ဆိုင်ရာအဖွဲ့အစည်းများက ရှာဖွေဖော်ထုတ်၍ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။

ပြည်တွင်း၌ အွန်လိုင်းလောင်းကစားနည်းအမျိုးမျိုးတို့ကို ဝိသမလောဘသား စီးပွားရေးလုပ်ငန်းရှင်အချို့က အစောပိုင်းကာလများကတည်းက လုပ်ကိုင်ဆောင်ရွက် လာခဲ့ကြရာ အဆိုပါလောင်းကစားနည်းအမျိုးမျိုးတွင် ပါဝင်လောင်းကစားကြသည့် ပြည်သူများမှာ နောက်ဆုံးတွင် အရှုံးနှင့်ရင်ဆိုင်ကြရပြီး မိသားစုပိုင် ငွေကြေးဥစ္စာ ပစ္စည်းများ အမြောက်အမြားဆုံးရှုံးခဲ့ကြသည်ကို ကြားသိကြရမည်ဖြစ်သည်။ အလားတူ အွန်လိုင်းလောင်းကစားလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ရန် စည်းရုံး သိမ်းသွင်းခြင်းခံခဲ့ရသည့် နိုင်ငံသား လူငယ်လူရွယ်များမှာလည်း လောင်းကစား ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ကြပြီး နောက်ဆုံးတွင် ဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းခံကြရသည်။ အဓိကမှာ လောင်းကစားဥပဒေကို သိလျက်နှင့်ဖြစ်စေ၊ မသိ၍ဖြစ်စေ ပါဝင်ပတ်သက်ခဲ့ကြသဖြင့် ပြည်သူများမှာ ထိခိုက်နစ်နာမှုများနှင့် ဥပဒေအရ အရေးယူခံရခြင်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိရောက်စွာအရေးယူတိုက်ဖျက် လျက်ရှိရာ မိဘပြည်သူများကလည်း အဆိုပါ အွန်လိုင်းဒုစရိုက်မှုလုပ်ငန်းအမျိုးမျိုး တွင် ပါဝင်ပတ်သက်ခြင်းမရှိအောင် သတိပြုရမည်ဖြစ်ပြီး အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်းများ ပြုလုပ်နေကြသည့်ဂိုဏ်းများ၊ အစုအဖွဲ့လိုက် ပြုလုပ်နေ ကြသူများကို သိရှိရပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများသို့ လျှို့ဝှက်စွာ သတင်းပေးပို့ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူ ခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၇-၁၀-၂၀၂၅) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## သန်လျင်မြို့ရှိ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ သုတေသနစကားဝိုင်း ဆွေးနွေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၄

ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်ရှိ ဆရာဆရာမများ၊ကျောင်းသား ကျောင်းသူ များ၊ သုတေသန၏ အရေးပါမှုကို သိရှိ နားလည်စေရန်နှင့် သုတေသန စွမ်းဆောင်ရည် ပိုမိုမြင့်မားတိုးတက်စေ ရန်ရည်ရွယ်၍ သုတေသနစကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီ တွင် သန်လျင်မြို့ရှိ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပ သည်။

**ဆွေးနွေးပြောကြား**

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ မျိုးမင်းထွန်းက အမှာစကား ပြောကြားပြီး ဘာသာစကား၊ လူမှုသိပ္ပံ၊ သဘာဝသိပ္ပံ၊ သက်ရှိသိပ္ပံ ဘာသာရပ်များ ကိုယ်စားပြုပါမောက္ခနှင့် တွဲဖက် ပါမောက္ခ ခြောက်ဦးတို့က ဆွေးနွေး ပြောကြားကြသည်။

အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်ရှိ ဘာသာရပ်ဌာန ၁၉ ခုမှ ဆရာ ဆရာမများနှင့် မဟာသိပ္ပံ၊ မဟာဝိဇ္ဇာနှင့် မဟာအရည်အချင်းစစ် သင်တန်းတက်ရောက်နေသူ ကျောင်းသား ကျောင်းသူ ၃၀၀ ကျော် တက်ရောက် ကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စကားဝိုင်းဆွေးနွေးပွဲ တွင် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရ သည်။ **သန်းဝင်း( သန်လျင်)**

## ၂၄ - ၁၀ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၈၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၁၀ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၄၄၀ | ၃,၇၄၀,၀၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၅၀ | ၅,၅၆၀ | ၁၉,၁၇၁,၉၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၂,၃၀၀ | ၂,၃၀၀ | ၅၁၉ | ၁,၁၉၃,၇၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၁၉၉ | ၅၆၇,၁၅၀ |
| EFR | ၁,၈၀၀ | ၁,၈၅၀ | ၁,၆၅၃ | ၃,၀၃၀,၅၅၀ |
| AMATA | ၃,၅၀၀ | ၃,၅၀၀ | ၀ | ၀ |
| MAEX | ၃,၃၅၀ | ၃,၃၅၀ | ၆၁၂ | ၂,၀၅၀,၁၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၆၅၀ | ၃၅၀ | ၉၃၇,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့်ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် ရန်ကုန် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့်အသင်းများ ဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် ဦးဆောင်ဂိုးရရှိနိုင်ရေး အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်ခဲ့ကြသော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲကစားချိန်ပထမပိုင်း ပြီးဆုံးချိန်တွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပွဲကစားချိန်၌ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ်ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲကစားချိန်ပြီးဆုံးချိန်တွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သဖြင့် အချိန်ပိုပွဲကစားချိန်ကို ဆက်လက်ကစားခဲ့ကြရာ အချိန်ပိုပွဲကစားချိန် ပထမပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းက အဖိုးတန်အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သဖြင့် ပွဲကစားချိန် ပြီးဆုံးချိန်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းက ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုအပြီးတွင် ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ပွဲစဉ်တစ်လျှောက် တစ်ဦးချင်း နေရာအလိုက် အကောင်းဆုံး ကစားသမားဆုရရှိသူများနှင့် အကောင်းဆုံး အားကစားသမားဆု ရရှိသူများကိုလည်းကောင်း၊ တပ်မတော် အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က တတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို လည်းကောင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။





၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များ ကြည့်ရှုအားပေးကြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသန့်ရှင်းဆုံးဆု ရရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ၂၀၂၅ ခုနှစ် (၆၂) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။

»»» **စာမျက်နှာ ၃ မှ**

ဆက်လက်၍ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အသန့်ရှင်းဆုံးဆု ရရှိသည့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲတွင် ပထမဆု ဆွတ်ခူးရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူအရာရှိနှင့် အားကစားသမားများက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန်လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှောင်ချရန်နှင့်တားဆီးရန်စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ပြန်လည်သုံးသပ်ခြင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၄**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိMGallery ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက NCA(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို စနစ်တကျ ကျင်းပဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီများကလည်း အချင်းချင်း ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် NCA ဆိုင်ရာ အကြံပြုချက် စုစုပေါင်း ၉၃ ချက် ရရှိခဲ့ကြောင်း၊ အချို့အချက်များသည် အကျိုးရှိသည့် အကြံပြုချက်များဖြစ်ကြောင်း၊ လူငယ်များသည် ငြိမ်းချမ်းရေးကို စိတ်ဝင်စားသည်ကိုတွေ့ရှိရကြောင်း၊ NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး နောင်ကျင်းပမည့် အခမ်းအနားများ၌ လိုအပ်သလိုဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းကော်မတီအလိုက် အမှန်တကယ် သုံးစွဲခဲ့သည့် ဘတ်ဂျက် အသုံးစရိတ်များကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျတင်ပြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူးက NCA(၁၀)နှစ်ပြည့်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲအား ငြိမ်းချမ်းသောမြန်မာ့အနာဂတ် တည်ဆောက်ခြင်း ခေါင်းစဉ်နှင့်အတူ ရှေ့လုပ်ငန်းစဉ်များအား မည်သို့ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးစီးကော်မတီ အစည်းအဝေးကို လေးကြိမ် ဆောင်ရွက်ခဲ့ပြီး ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီ အစည်းအဝေး နှစ်ကြိမ်၊ NCA-S EAO အဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းမှု လေးကြိမ်နှင့် နိုင်ငံရေးစကားဝိုင်းတွင်ပါဝင်သည့် Moderator၊ Speaker များနှင့်လည်း အကြိမ်ပေါင်းများစွာတွေ့ဆုံခဲ့ပြီး လုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက်တွေ့ကြုံရသည့် စိန်ခေါ်မှုနှင့် အားသာချက်၊ အားနည်းချက်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ဦးစီးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်များ၊ ငွေကြေးသုံးစွဲခဲ့မှု အခြေအနေကို ရှင်းလင်းဆွေးနွေးကြသည်။

ထိုသို့ ဆွေးနွေးမှုများအပေါ် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ငြိမ်းချမ်းရေးအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်နေသည်ဟု သုံးသပ်တွေ့ရှိရပြီး ငြိမ်းချမ်းရေးအတွက် မျိုးဆက်သစ် လူငယ်များကို လေ့ကျင့်သင်ကြား မွေးထုတ်ပေးရန်လိုကြောင်း၊ ငြိမ်းချမ်းရေးကို အထောက်အကူပြုသည့် ဒေသစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ NCA အထိမ်းအမှတ်အလုပ်ရုံဆွေးနွေးပွဲမှရရှိလာသည့် အကြံပြုချက်များကို နောင်အစိုးရသစ်လက်ထက်၌ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အကြံပြုချက် ကောင်းများဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လိုအပ်သလို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) တက်ရောက်





ရန်ကုန် အောက်တိုဘာ ၂၄

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ UMFCCI မှကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့ချုပ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ အောက်မြန်မာပြည်ရှိ တိုင်းဒေသကြီး/ပြည်နယ်များမှ ခုံသမာဓိအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေနှင့်အညီ ညှိနှိုင်းဖျန်ဖြေ စစ်ဆေးဆုံးဖြတ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်များ၊ ဥပဒေနှင့်အညီ ဖြေရှင်းပေးနိုင်မှုများ၊ အငြင်းပွားမှုများအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးဖလှယ်ခြင်းဖြင့် အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်များအတွက် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ ပြုလုပ်ရခြင်း ဖြစ်ပါကြောင်း၊ အငြင်းပွားမှုများ လျော့နည်းမှသာ ဆက်ဆံရေး ကောင်းမွန်ပြီး လုပ်ငန်းခွင် အေးချမ်းသာယာမည်ဖြစ်သည့်အတွက် လုပ်ငန်းခွင်အတွင်း အခက်အခဲများ၊ လိုအပ်ချက်များကို အလုပ်ရှင်ကိုယ်စားလှယ်နှင့် အလုပ်သမားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် အလုပ်သမားရေးရာ လုပ်ငန်း ညှိနှိုင်းရေးကော်မတီ (WCC)ဖြင့် ဆွေးနွေးညှိနှိုင်းခြင်း၊ အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုများနှင့်ပတ်သက်၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့ဖြင့် အဆင့်ဆင့် အဆုံးအဖြတ် ခံယူခြင်းများ ပြုလုပ်ရမည်ဖြစ်ပြီး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးပေးကြရန်ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) ဖွဲ့စည်း ပြီးစီးမှုများနှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားများ ယုံကြည်အားထားမှု ရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် အငြင်းပွားမှုများလျော့နည်းလာမည်ဖြစ်ကြောင်း ပြောကြားပြီး နှီးနှောဖလှယ်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ပြည်ထောင်စု ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) အခမ်းအနားသို့ တက်ရောက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုတွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၉၀ ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးအကျိုးဆောင်လိုင်စင်ကို ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းအလုပ်အကိုင်များရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ(Job Fair)များကို ၂၀၁၂ ခုနှစ်မှစ၍ ပြုလုပ်ခဲ့ရာ စုစုပေါင်းအကြိမ် (၈၀) ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair)ကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလုပ်လာရောက်လျှောက်ထားသူများနှင့် ပြပွဲတွင်ပါဝင်ပြသသော ကုမ္ပဏီများ၊ လုပ်ငန်းများမှ ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းအမှတ်စဉ် (၂/၂၀၂၅) သင်တန်းဖွင့်လှစ် ပို့ချနေမှုများကို သွားရောက် ကြည့်ရှုအားပေးခဲ့ပြီး သင်တန်းကျောင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**✶ ကျောဖုံးမှ**

ထို့နောက် JN25 TAEKWONDO CLUB မှ Founder ဒေါ်ငြိမ်းငြိမ်းအောင်က တိုက်ကွမ်ဒိုကလပ်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသား သင်တန်းသူများက တိုက်ကွမ်ဒိုကစားနည်းများကို သရုပ်ပြသကြသည်။

အဆိုပါ JN25 TAEKWONDO CLUB တွင် နိုဝင်ဘာ ၁ ရက်မှစတင်ကာ သင်တန်းသား သင်တန်းသူများအား တိုက်ကွမ်ဒိုလက်ရွေးစင်ကစားသမားဟောင်းများက အတိုက်၊ ကကွက်၊ တိုက်ကွမ်ဒိုဖရီးစတိုင်၊ အလွတ်ကကွက်များကို လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းသားဦးရေကန့်သတ်ထားခြင်းမရှိကြောင်း၊ ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ်တိုက်ကွမ်ဒိုလက်ရွေးစင်အားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖွင့်လှစ်**

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်တွင် တိုက်ကွမ်ဒိုကလပ်ပေါင်း ၇၀ ကျော် ဖွင့်လှစ်ထားပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ၄၀ ကျော်ရှိကြောင်း သိရသည်။

**လင်းရာမ**

# အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်ကြမည့် နိုင်ငံရေးပါတီများ

**မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမတိုင်မီအချိန်မှစ၍ အမျိုးသားရေးလှုပ်ရှားမှုများနှင့်အတူ နိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ ပေါ်ပေါက်လာခဲ့ပါသည်။ သို့သော် ခေတ်စနစ်အမျိုးမျိုး ပြောင်းလဲခဲ့ရခြင်းကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကာလ နိုင်ငံရေးပါတီများ ဖျက်သိမ်းခဲ့ရသဖြင့် နိုင်ငံရေးပါတီများမှာ နှစ်ကာလကြာရှည်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်းမရှိဘဲ ကွယ်ပျောက်ခဲ့ရသည်။**

**ဦးရွှေဦး**

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခွင့် ရရှိခဲ့ပါသည်။ ယနေ့အချိန်ကာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရန် ဖွဲ့စည်းထူထောင်စည်းရုံးဆောင်ရွက်နေသည့်ကာလဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် တည်ထောင်ထားသည့် နိုင်ငံရေးပါတီများမှာ ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးဆောင်ရွက်မည့်ပါတီ ခြောက်ပါတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စည်းရုံးဆောင်ရွက်မည့် ပါတီ ၅၁ ပါတီရှိပါသည်။

ယင်းပါတီများတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလမှ ယနေ့အထိ ဆက်လက်တည်ရှိနေခဲ့သော ပါတီ ၃၆ ပါတီနှင့် ပုဒ်မ ၃ အရ အသစ်တည်ထောင်သော ပါတီ ၂၁ ပါတီဖြစ်ပါသည်။ နိုင်ငံရေးအယူဝါဒအရ ဖြစ်ပေါ်လာသည့် နိုင်ငံရေးပါတီ ၂၈ ပါတီ၊ တိုင်းရင်းသားမျိုးနွယ်အလိုက် ဖြစ်ပေါ်လာသော ပါတီ ၁၃ ပါတီနှင့် ဒေသအလိုက် ဖွဲ့စည်းထူထောင်ထားသော ပါတီ ၁၆ ပါတီဖြစ်ကြောင်း တွေ့ရှိရပါသည်။

## သမိုင်းအစဉ်အလာ

မြန်မာနိုင်ငံ၏ နိုင်ငံရေးပါတီများ ပေါ်ပေါက်လာခဲ့မှုသမိုင်းကို ပြန်လည်လေ့လာကြည့်လျှင် ကိုလိုနီခေတ် မြန်မာနိုင်ငံတွင်အမျိုးသားရေးစိတ်ဓာတ် ရှင်သန်နိုးကြားလာရာမှ နိုင်ငံရေးပါတီများ စတင်ပေါ်ပေါက်လာခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး (YMBA) ပေါ်ပေါက်ခဲ့ပြီး ဘာသာရေး၊ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှတစ်ဆင့် နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရောက်ခဲ့ရာ နိုင်ငံရေးအစ (YMBA)ကဟု ဆိုစမှတ်ပြုခဲ့ကြသည်။

လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ဦးကာလတွင် နိုင်ငံရေးပါတီနှင့် နိုင်ငံရေးအင်အားစုအဖွဲ့များ အမြောက်အမြား ပေါ်ပေါက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဥပဒေအာဏာတည်သည့်နေ့မှစ၍ ၁၈ လအတွင်း ရွေးကောက်ပွဲ ကျင်းပပေးရမည်ဖြစ်သော်လည်း နိုင်ငံရေးအင်အားစုများတွင် ဝါဒစွဲ၊ ဂိုဏ်းကွဲ၊ အုပ်စုကွဲများနှင့် တောခိုလက်နက်ကိုင်သောင်းကျန်းမှု အခြေအနေများကြောင့် ၁၉၅၁ – ၁၉၅၂ ခုနှစ်မှသာ ပထမအကြိမ် ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပြီး ထိုရွေးကောက်ပွဲတွင် ဖဆပလအနိုင်ရရှိခဲ့သည်။

ဖဆပလအဖွဲ့ချုပ်ကြီးမှာ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် လိုအပ်သည့်အချိန်တွင် နိုင်ငံသားအားလုံး သွေးစည်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများရှိခဲ့ပါသည်။ ၁၉၃၀ ပြည့်နှစ်တွင် မြန်မာ့လူငယ် ခေတ်ပညာတတ် နိုင်ငံရေးသမား သခင်များသည် တကောင်းအဘိရာဇာ တို့ဗမာသီချင်းကြီးကို သီဆို၍ လာမည့်ဘေးပြေးတွေ့ဟူသည့် ကြွေးကြော်သံကို ဟစ်ကြွေးကာ တို့ဗမာအစည်းအရုံးကြီးကို စတင်ဖွဲ့စည်းခဲ့သည်။

တို့ဗမာအစည်းအရုံးကြီး ပေါ်ပေါက်လာရခြင်းသည် သာမန်ဖြစ်ရိုးဖြစ်စဉ်များမဟုတ်၊ တိုင်းပြည်တွင် ကျရောက်နေသော ပကတိအခြေအနေများကို ဝင်ရောက်ဆောင်ရွက်ရန် သမိုင်း၏ တောင်းဆိုချက်အရ ထင်ရှားမှန်ကန်စွာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ သမိုင်း၏ တောင်းဆိုချက်အရ “ဗမာ (မြန်မာ) ပြည်သည် တို့ပြည်၊ ဗမာ (မြန်မာ) စာသည် တို့စာ၊ ဗမာ(မြန်မာ)စကားသည် တို့စကား”... စသောကြွေးကြော်သံများဖြင့် တို့ဗမာအစည်းအရုံးကြီးသည် ပေါ်ထွက်လာရခြင်းဖြစ်သည်။

စစ်ကြိုခေတ်တွင် တို့ဗမာအစည်းအရုံးကြီးသည် နယ်ချဲ့ပယောဂဖြင့် နှစ်ဂိုဏ်းကွဲခဲ့ရသော်လည်း လွတ်လပ်ရေးတိုက်ပွဲကြီး နီးလာသောအခါ ပြန်လည်သွေးစည်းကြပြီး ရဲဘော်သုံးကျိပ်ကို ဖွဲ့စည်းကာ ဘီအိုင်အေတပ်မတော်ကြီးထူထောင်၍ လွတ်လပ်ရေးတိုက်ပွဲ ဝင်နိုင်ခဲ့ကြခြင်းသည် အမျိုးသားညီညွတ်ရေးလမ်းစဉ်၏ “စံ” တစ်ခုဖြစ်ခဲ့ပေသည်။

ထို့အပြင် ၁၉၄၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးကြီး၏ ကိုယ့်မင်းကိုယ်ချင်းအဖွဲ့က ကမကထပြု နှီးနှောစည်းရုံးနိုင်ခြင်းဖြင့် ဗြိတိသျှ အစိုးမိုးခံ ဥပဒေပြုလွှတ်တော်တွင် အမျိုးသားလွတ်လပ်ရေးအဆိုကို ထူးခြားစွာစတင်၍ တောင်းဆိုခဲ့သည်။ မြန်မာပြည်၏ ဥပဒေခြေလှမ်းတစ်ရပ်ဖြစ်ခဲ့သည်။ ထိုလှုပ်ရှားမှုနှင့် မရှေးမနှောင်းပင် တို့ဗမာအစည်းအရုံးကြီးသည် အနာဂတ်အမျိုးသားလွတ်လပ်ရေးခြေလှမ်းအတွက် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးအဖြစ် “မြန်မာ့လွတ်လပ်ရေးထွက်ရပ်ဂိုဏ်းကြီး”ကို တည်ထောင်ခဲ့သည်။

၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးအပြီး ၁၉၄၆ ခုနှစ်တွင် ကန်တော်ကြီး နေသူရိန် အမျိုးသားညီလာခံကြီးအပြီး၌ ဖဆပလအဖွဲ့ချုပ်ကြီးဟူ၍ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲကြီး၏ နောက်ဆုံးအဆင့်အတွက် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီးကို ထူထောင်ခဲ့ကြသည်။ ဤကဲ့သို့ အမျိုးသားညီညွတ်ရေးကို ထူထောင်နိုင်ခဲ့ခြင်းသည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရေးကြီးဆုံးသော ဆောင်ရွက်ချက် သမိုင်းတစ်ကွေ့မှတ်တမ်း (Historical Turning Point) ဖြစ်ခဲ့လေသည်။

ယနေ့အချိန်အခါသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဦးတည်ချက်ထားရှိပြီး ဖြစ်ပါသည်။ ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရန်မှာ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေဆောင်ရွက်ပြီး ရွေးကောက်ပွဲအလွန် ခိုင်မာအားကောင်းသော လွှတ်တော်များ၊ အစိုးရအဖွဲ့များဖြင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးရရှိရန်မှာ မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မြန်မာလူငယ်များအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် အနာဂတ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာပါတီအသီးသီးက ဝင်ရောက်ယှဉ်ပြိုင်ပြီး လွှတ်တော်များအတွင်း နိုင်ငံ့အကျိုး၊ မိမိတို့၏ တိုင်းရင်းသားလူမျိုးစုများ အကျိုးအတွက် ပါဝင်ဆောင်ရွက်ကြရန် အချိန်အခါလည်း ကျရောက်နေပြီဖြစ်ပါသည်။

> **“နိုင်ငံရေးပါတီများသည် မကြာမီကာလတွင် မဲဆန္ဒရှင်ပြည်သူလူထုအတွင်း မဲဆွယ်စည်းရုံးခြင်းမှစတင်၍ နိုင်ငံရေးတာဝန်များ ထမ်းဆောင်ကြရတော့မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ကြရာတွင် ဥပဒေနှင့်အညီ မျှမျှတတ မဲဆွယ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။ မီဒီယာအားကို အသုံးပြု၍ အမုန်းစကားများဖြင့် ပါတီအချင်းချင်း တိုက်ခိုက်မဲဆွယ်ခြင်း၊ အချို့နိုင်ငံရေးပါတီများက မိမိပါတီအနိုင်ရရှိရေးအတွက် ပြည်သူလူထုကို နည်းလမ်းမမှန်သော စည်းရုံးရေးနည်းများဖြင့် မဲဆွယ်ခြင်းတို့ကို ရှောင်ရှား”**

## နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲများ

နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မှုမှာ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပါတီ ၄၃ ပါတီ ဖွဲ့စည်းခဲ့ပြီး ၁၉၅၀–၅၂ ခုနှစ် ပထမအကြိမ် ပါလီမန်ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၁၂ ပါတီ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးကျင်းပရာတွင် နိုင်ငံရေးပါတီ ၂၄ ပါတီ ရှိခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် နိုင်ငံရေးပါတီများ တည်ထောင်ခွင့်ပြုခဲ့ရာ နိုင်ငံရေးပါတီ ၂၃၉ ပါတီအထိ မှတ်ပုံတင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် နိုင်ငံရေးပါတီ ၉၃ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မှုအခြေအနေမှာ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံရေးပါတီ ၃၇ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၀၇၁ ဦး၊ ၂၀၁၅ ခုနှစ်တွင် နိုင်ငံရေးပါတီ ၉၁ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၀၃၈ ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံရေးပါတီ ၉၁ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၆၃၉ ဦးဖြစ်ပြီး ယခုကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၅၇ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်း တင်သွင်းထားကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲများတွင် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) ဖြင့်သာ ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအထိ အနိုင်ရသဖြင့် အစိုးရဖွဲ့စည်းနိုင်ခဲ့သော နိုင်ငံရေးပါတီများမှာ ဖဆပလ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့ ဖြစ်သည်ကို တွေ့ရှိရပါသည်။ အစိုးရဖွဲ့စည်းနိုင်သည့်ပါတီ သုံးပါတီသာ ရှိခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန်အတွက် ရွေးကောက်ပွဲစနစ်များကို အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP)ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထု၏ ထောက်ခံဆန္ဒမဲများအရ ကိုယ်စားလှယ်နေရာများ ရရှိနိုင်ကြမည်ဖြစ်ပါသည်။

လွှတ်တော်အတွင်း တိုင်းရင်းသားပါတီများ၏ ကိုယ်စားလှယ်များပါဝင်လာခြင်းဖြင့် ဒေသဆိုင်ရာ ကိုယ်စားပြုမှု တိုးမြင့်ရရှိလာမည်ဖြစ်ပြီး တိုင်းရင်းသားများဆန္ဒကို ပိုမိုညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ MMP စနစ်သည် တရားမျှတမှုမြင့်မားသော ဆန္ဒမဲခွဲဝေမှုနှင့် ပေါင်းစပ်တည်ငြိမ်မှုကောင်းသော အစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံရေးပါတီများသည် မကြာမီကာလတွင် မဲဆန္ဒရှင်ပြည်သူလူထုအတွင်း မဲဆွယ်စည်းရုံးခြင်းမှစတင်၍ နိုင်ငံရေးတာဝန်များ ထမ်းဆောင်ကြရတော့မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ကြရာတွင် ဥပဒေနှင့်အညီ မျှမျှတတ မဲဆွယ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။ မီဒီယာအားကို အသုံးပြု၍ အမုန်းစကားများဖြင့် ပါတီအချင်းချင်း တိုက်ခိုက်မဲဆွယ်ခြင်း၊ အချို့နိုင်ငံရေးပါတီများက မိမိပါတီအနိုင်ရရှိရေးအတွက် ပြည်သူလူထုကို နည်းလမ်းမမှန်သော စည်းရုံးရေးနည်းများဖြင့် မဲဆွယ်ခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။

ပါတီခေါင်းဆောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်ကို ဦးဆောင်မည့်နေရာများတွင် ပါဝင်ဆောင်ရွက်ကြရန် ရည်မှန်းချက်ထားသူများဖြစ်ကြရာ ပါတီ၏ ဂုဏ်သိက္ခာ၊ နိုင်ငံရေးဂုဏ်သိက္ခာများအတွက် နောင်လာနောက်သားများနှင့် နိုင်ငံသားများ လေးစားတန်ဖိုးထားသော စံနမူနာပြသနိုင်ရေး ပြုမူနေထိုင်ပြောဆိုကြရန် အကြံပြုတိုက်တွန်းလိုပါသည်။ တရားမဝင် မီဒီယာများနှင့် ဥပဒေနှင့်မညီညွတ်သော ပြောဆိုခြင်းများကို ရှောင်ရှားသင့်ပါသည်။ **စာမျက်နှာ ၇ သို့** ❐

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၆၄ ရက်

သာ လိုတော့သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။



## လမ်းမတော်မြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပသည်။

**ဆွေးနွေး**

ဦးစွာလမ်းပန်းဆက်သွယ်ရေးဝန်ကြီးက၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲစာရင်းမှန်ကန်မှုရှိစေရေးနှင့်မဲစာရင်းတွင် မပါဝင်သူများအား သတ်မှတ်ပုံစံများအတိုင်း လျှောက်ထားစေရေး၊နိုင်ငံသားအခွင့်အရေး ဆုံးရှုံးမှုမရှိစေရေးအတွက်မဲစာရင်းတွင် ပါဝင်သင့်သူများပါရှိစေရေး၊ မပါဝင်သင့်သူများ မဲစာရင်းတွင် ပါဝင်မှုမရှိစေရေးနှင့်မဲပေးခွင့်ရှိသည့်နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်က မြို့နယ်ရှိ အခြေခံလူဦးရေစာရင်းနှင့် မဲစာရင်းကြေညာသည့် လူဦးရေကွာခြားချက်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ သတ်မှတ်ပုံစံများဖြင့်ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ပေးနေသည့်ကိစ္စရပ်များ၊ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး ဆောင်ရွက်ပေးနေမှုများ ရှင်းလင်းတင်ပြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးကီးလောနှင့် အစည်းအဝေးတက်ရောက်လာကြသူများက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

## မဲပေးခြင်းဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

**ဘားအံ အောက်တိုဘာ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအစီအစဉ်ကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်ဥပဒေချုပ်ရုံး၌ ကျင်းပရာ ကရင်ပြည်နယ်ဥပဒေချုပ်ဦးရဲလွင် တက်ရောက်အမှာစကားပြောကြားပြီး ကရင်ပြည်နယ် ဥပဒေချုပ်ရုံး၊ ဘားအံခရိုင်



တရားရုံး၊ ဘားအံမြို့နယ်တရားရုံး၊ ဘားအံခရိုင်ဥပဒေရုံး၊ ဘားအံမြို့နယ် ဥပဒေရုံးတို့မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၅၄ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တောင်ကြီးမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ သင်တန်းဖွင့်

**တောင်ကြီး အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲရုံများ၌ အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များအား Installation ပြုလုပ်ခြင်းဆိုင်ရာသင်တန်းကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ နည်းပညာအထောက်အကူပြုသင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ခဲ့သည်။



သင်တန်းတွင် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မင်းဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး တောင်ကြီးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခွန်မြတ်ဆန်းထွန်းက အီလက်ထရောနစ်မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရောနစ် မဲပေးစက်တပ်ဆင်ခြင်း၊ အီလက်ထရောနစ်မဲပေးစက်စမ်းသပ်ခြင်း၊ အီလက်ထရောနစ် မဲပေးစက် Installation ပြုလုပ်ခြင်းလုပ်ငန်းစဉ်များ၊ သတိပြုရမည့်အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

❒ စာမျက်နှာ ၆ မှ

နိုင်ငံရေးပါတီများသည် တရားဥပဒေကို လေးစားလိုက်နာခြင်း (Rule Of Law)နှင့် ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံရေးအရ ရင့်ကျက်တည်ငြိမ်ခြင်းတို့ကို အလေးထား ကြိုးစားအားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံရေးပါတီများက အသွင်သဏ္ဌာန်ကောင်းမွန်ရန်အတွက် ဖွဲ့စည်းပုံ၊ ပါတီဝင်အင်အား၊ ပါတီရုံးခန်းအဆောက်အအုံ၊ ပါတီရန်ပုံငွေတို့ကို သတ်မှတ်ချက်အတိုင်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သလို ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက်လည်း သတ်မှတ်ထားသည့် ကိုယ်စားလှယ်ဦးရေပြည့်မီအောင် တင်သွင်းနိုင်ခဲ့ကြပြီးဖြစ်ပါသည်။ ပါတီ၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ဆောင်ချက်များ ကောင်းမွန်စွာဖြင့် အနှစ်သာရရှိပြီး ပြည်သူလူထု အားကိုးထောက်ခံယုံကြည်မှုဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ ပါတီကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကာ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ကြတော့မည်ဖြစ်ပါသည်။

### နိုင်ငံ့ကောင်းကျိုးဆောင်ရွက်နိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်မဲပေး

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အရည်အချင်းပြည့်ဝ၍ လုပ်နိုင်ကိုင်နိုင်စွမ်းရှိပြီး အတွေ့အကြုံရင့်ကျက်ကာ နိုင်ငံ့ကောင်းကျိုး ဆောင်ရွက်နိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်၍ မဲပေးကြရန် တိုက်တွန်းလိုပါသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းထားရှိပြီး ရွေးကောက်ပွဲလုံခြုံရေး၊ ပါတီဝင်များနှင့် ပါတီရုံးခန်းများလုံခြုံရေး၊ ကိုယ်စားလှယ်လောင်းများ လုံခြုံရေး၊ မဲဆန္ဒရှင်များ လုံခြုံစွာဆန္ဒမဲပေးနိုင်ရေးတို့ကို အစိုးရဌာနအဖွဲ့အစည်းများက ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံရေးပါတီများကို ကြိုဆိုလိုက်ရပါသည်။

**ရည်ညွှန်းချက်များ**

၁။ သခင်များနှင့် အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုကြီး (၁၉၃၀-၁၉၄၈)၊ တက္ကသိုလ်စိန်တင်။
၂။ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ပထမတွဲ၊ ဒုတိယတွဲ)။
၃။ ကမ္ဘာ့နိုင်ငံရေးပါတီစာတမ်းများ (ဦးမြသောင်း)။

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း တရုတ်နိုင်ငံ စူးကျိုးမြို့တွင် စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာဖိုရမ် - ၂၀၂၅ တက်ရောက်၊ လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသား စွမ်းအင်စီမံခန့်ခွဲမှု ဌာနအကြီးအကဲ မစ္စတာ ဝမ်ဟုန်ကျင့်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံ စူးကျိုးမြို့တွင် ကျင်းပသော စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာဖိုရမ်-၂၀၂၅ သို့ တက်ရောက်ရန်နှင့် လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုများကို လေ့လာနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၂ ရက်မှ ၂၃ ရက်အထိ တရုတ်နိုင်ငံ နန်ကျင်းမြို့နှင့် စူးကျိုးမြို့တို့သို့ သွားရောက်ခဲ့သည်။



အောက်တိုဘာ ၂၂ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နန်ကျင်းမြို့ China Huaneng Group ၏ ကျန်းစုပြည်နယ်အတွင်း ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားစနစ်တည်ငြိမ်စေရေး ဓာတ်အားစနစ် ထိန်းချုပ်စင်တာသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက ကမ်းလွန်လေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများမှ ဓာတ်အားထုတ်လုပ်မှု၊ နေရောင်ခြည်စွမ်းအင်မှ ဓာတ်အားထုတ်လုပ်မှုများကို ဓာတ်အားစနစ်တည်ငြိမ်မှုကို ထိခိုက်မှုမရှိစေရေး ပေါင်းစပ်ထိန်းချုပ်ဆောင်ရွက်မှုအခြေအနေများနှင့် စက်ရုံများ ထိန်းသိမ်းလည်ပတ်မောင်းနှင်မှုကို ဓာတ်အားစနစ် ထိန်းချုပ်စင်တာမှ ထိန်းချုပ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် Jingyu Deep-green Energy Co.,Ltd. မှ ဆောင်ရွက်လျက်ရှိသည့် ဇီဝလောင်စာတောင့်စက်ရုံသို့ ဝင်ရောက်လေ့လာရာ တာဝန်ရှိသူများက ကိုင်းဖျားကိုင်းနား၊ ဝါး၊ ဆီအုန်းခွံ၊ ပြောင်းဖူးရိုး၊ အုန်းခွံ စသော စွန့်ပစ်ဇီဝပစ္စည်းများကို စက်မှုလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်သော ဇီဝကာဗွန်များ၊ သစ်သားလောင်စာတောင့်များ ထုတ်လုပ်မှုအဆင့်ဆင့်အလိုက် စက်ရုံအတွင်း ရှင်းလင်းပြသပြီး ကုန်ကြမ်းစုဆောင်းရရှိမှုများ၊ နိုင်ငံတော်မှအားပေးထောက်ခံမှုများ၊ ဈေးကွက်ရှာဖွေရရှိမှုအခြေအနေများ၊ သယ်ယူပို့ဆောင်ရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဖိုရမ်ကျင်းပရေးအဖွဲ့၏ စီစဉ်ပေးမှုဖြင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၂၃ ရက်တွင် စူးကျိုးမြို့ Xiangcheng EDZ Energy Center သို့ သွားရောက်၍ Energy Center တွင် လျှပ်စစ်စွမ်းအင်စီမံခန့်ခွဲမှုများ၊ အဆောက်အအုံများတွင် Dual Thermal Storage နှင့် Multi-energy Complementarity ဆောက်ရွက်ထားရှိမှုများ၊ AI-Enabled Smart Energy Technology၊ Energy Saving and Carbon Reduction၊ AI base Control System တို့ကို ဆောက်ရွက်ခြင်းဖြင့် နိုင်ငံတော်က ချမှတ်ထားသောမူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို လေ့လာခဲ့သည်။

အောက်တိုဘာ ၂၃ ရက်တွင် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုဌာနနှင့် International Renewable Energy Agency (IERNA)တို့က ကြီးမှူးကျင်းပသည့် စွမ်းအင်အသွင်ကူးပြောင်းမှုအပြည်ပြည်ဆိုင်ရာဖိုရမ်-၂၀၂၅ ၏ ဖိုရမ်ခွဲ Large Power Grid Security Risk Prevention and Control Technical သို့ တက်ရောက်ကြသည်။ ဖိုရမ်ခွဲတွင် တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုဌာနမှ မစ္စတာဟွမ်ရွှေနုန်၊ တရုတ်နိုင်ငံ တောင်ပိုင်းလျှပ်စစ်ဓာတ်အားကွန်ရက်မှ မစ္စတာဝူရှောက်ချန်တို့ တက်ရောက်ကြပြီး ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက မြန်မာနိုင်ငံသည် ပြန်ပြည့်မြဲ စွမ်းအင်ပေါကြွယ်ဝသဖြင့် နေစွမ်းအင်၊ လေစွမ်းအင်နှင့် ရေအားလျှပ်စစ်ကို ပိုမိုအသုံးပြုနိုင်ရန် အင်တိုက်အားတိုက် ကြိုးစားလျက်ရှိပါကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်၊ သန့်ရှင်းသည့်လောင်စာများနှင့် နျူကလီးယားစွမ်းအင်တို့က စွမ်းအင်စနစ် တည်ငြိမ်မှုအတွက် အခြေခံအချက်အဖြစ် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အစဉ်တစိုက်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတည်းသည် ဤကြီးမားသော စွမ်းအင်အသွင်ကူးပြောင်းမှုကို ဆောင်ရွက်နိုင်မည်မဟုတ်ပါကြောင်း၊ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စိတ်ကူးများ၊ နည်းပညာများနှင့် အတွေ့အကြုံများကို မျှဝေခြင်းဖြင့် ရည်မှန်းချက်များကို ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာဖိုရမ်-၂၀၂၅ ၏ ဖိုရမ်ခွဲ Large Power Grid Security Risk Prevention and Control Technical သို့ ဓာတ်အားစနစ် ထိန်းချုပ်မောင်းနှင်မှုဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှ သုတေသနဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ လျှပ်စစ်ဆိုင်ရာမူဝါဒချမှတ်သူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



## အင်းစိန်မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်နှင့် ခရိုင်တို့မှ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၃ ရက်တွင် အင်းစိန်မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများ၊ တိုးတက်သုံးစွဲလာမည့် ဓာတ်အားလိုအပ်ချက်များအတွက် တိုးချဲ့တည်ဆောက်ရမည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အင်းစိန်မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၌ မြို့နယ်ရုံးလုပ်ငန်းဆောင်ရွက်ထားမှုများ၊ ဓာတ်အားပျောက်ဆုံးမှု အခြေအနေများ၊ အများပြည်သူထံမှ ဓာတ်အားခကောက်ခံနေမှု အခြေအနေများ၊ လက်ရှိဓာတ်အားဖြန့်ဖြူးထားသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ၂၃၀ ကေဗွီ ရွာမဓာတ်အားပေးစက်ရုံသို့သွားရောက်၍ ယင်းစက်ရုံမှ ၆၆ ကေဗွီ၊ ၃၃ ကေဗွီနှင့် ၁၁ ကေဗွီစနစ်များဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေသည့် အခြေအနေများ၊ ၂၃၀/၆၆ ကေဗွီပင်မထရန်စဖော်မာနှစ်လုံးမှ တိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးမည့် ၆၆ ကေဗွီဖီဒါများ ပြောင်းလဲဓာတ်အားပေးရန် အစီအစဉ်များကို စက်ရုံမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ၆၆ ကေဗွီ သစ်တောကွန်ပျူတာဓာတ်အားခွဲရုံသို့ သွားရောက်ပြီး ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများနှင့် ယင်းမြို့နယ်အတွင်း ဓာတ်အား တိုးတက်သုံးစွဲလာနိုင်သည့် နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်**

## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် မန်စီမြို့တွင်ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ အဆင့်မြင့်တတ်သိပညာရှင်များဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၄

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ဦးဆောင်၍ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် ၁၂ ဦး ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ တယ်ဟုန်ပြည်နယ်ခွဲ၏ မြို့တော် မန်စီမြို့တွင် ကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ်နှစ်နိုင်ငံ အဆင့်မြင့် တတ်သိပညာရှင်များ ဆွေးနွေးပွဲသို့ တက်ရောက်ရန် အောက်တိုဘာ ၂၁ ရက်တွင် မန်စီမြို့သို့ ရောက်ရှိခဲ့သည်။




ညနေပိုင်းတွင် တယ်ဟုန်ပြည်နယ်ခွဲ တရုတ်ကွန်မြူနစ်ပါတီ ကော်မတီအတွင်းရေးမှူး Mr. Wang Yunfei နှင့် တွေ့ဆုံဆွေးနွေး၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား တည်ခင်းဧည့်ခံသော ကြိုဆိုနှုတ်ခွန်းဆက် ညစာစားပွဲကို ဆက်လက် တက်ရောက်ပြီး တရုတ်-မြန်မာယဉ်ကျေးမှုဖလှယ်ရေး ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတွင် ဆဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံအဆင့်မြင့် တတ်သိပညာရှင်များ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ H.E. Mrs. Yang Yang က အဖွင့်အမှာစကား ပြောကြားကာ တာဝန်ရှိသူများက အလှည့်ကျဆွေးနွေး ပြောကြားကြပြီး ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တရုတ်ပြည်သူများ၏ ကြီးပွားတိုးတက်မှုသည် မြန်မာပြည်သူများကို အကျိုးဖြစ်ထွန်းစေမည် ဖြစ်သကဲ့သို့ မြန်မာပြည်သူများ၏ လူမှုစီးပွား တိုးတက်မှုသည်လည်း တရုတ်ပြည်သူများကို အကျိုးကျေးဇူးဖြစ်ထွန်းစေပါကြောင်း၊ နှစ်နိုင်ငံအကြား တည်ရှိသော တရုတ်-မြန်မာ ပေါက်ဖော်ချစ်ကြည်ရေးကို ဤဆွေးနွေးပွဲက ပိုမိုခိုင်မြဲစေမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ ၁၀ စောင် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်သည်။

ယင်းနောက် အဖွဲ့ဝင်ကိုယ်စားလှယ်များ၏ မိန့်ခွန်းပြောကြားမှုကို တက်ရောက်အားပေးကာ မွန်းလွဲပိုင်းတွင် မြန်မာ-တရုတ် ပညာရေးနှင့် အားကစားပူးပေါင်းဆောင်ရွက်ရေး အပြန်အလှန် Dialogue ဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၃ ရက်တွင် မန်စီမြို့ ရွှေစေတီသို့ သွားရောက်ဖူးမြော်ပြီး တယ်ဟုန်သက်မွေးပညာ ကောလိပ်သို့ သွားရောက် လေ့လာကာ ကောလိပ် အားကစားကွင်း၊ ဆေးသိပ္ပံပညာ၊ e-commerce ပညာ၊ မော်တော်ယာဉ်ပြင်ဆင်ရေးသင်တန်းတို့ကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မန်စီမြို့ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး မူလတန်းကလေးငယ်များ စာသင်ခန်းအတွင်း သင်ယူလေ့လာနေမှုများကို ကြည့်ရှုပြီး အားကစားရုံ၊ မြက်ခင်းတု အားကစားကွင်းအတွင်း မူလတန်းကလေးငယ်များ အားကစား လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် Dehong Normal University သို့ ရောက်ရှိရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ပုံစံငယ်ကို ပြသရှင်းလင်းကာ တက္ကသိုလ်သမိုင်းမှတ်တမ်း ပြတိုက်အတွင်း လှည့်လည်လေ့လာသည်။

ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ယဉ်ကျေးမှုဌာန၊ ဇီဝသိပ္ပံဌာန၊ အအေးအိုင်နည်းပညာဌာန သင်တန်းများကို ကြည့်ရှုလေ့လာခဲ့ပြီး အောက်တိုဘာ ၂၃ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ၂၀၂၅ ခုနှစ် စွမ်းအင်အသွင်ကူးပြောင်းရေး အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ တက်ရောက် National Energy Administration(NEA)၏ အကြီးအကဲဖြစ်သူနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၄**

စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား စွမ်းအင်စီမံခန့်ခွဲမှုအဖွဲ့ National Energy Administration (NEA)က ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် စွမ်းအင်အသွင် ကူးပြောင်းရေး အပြည်ပြည်ဆိုင်ရာ ဖိုရမ်သို့ နိုင်ငံတကာမှ စွမ်းအင် ဝန်ကြီးများ၊ စွမ်းအင်ကဏ္ဍဆိုင်ရာ အကြီးအကဲများနှင့် အတူ တက်ရောက်ပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

**ဆွေးနွေးပြောကြား**

ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီး က Key Note Speaker အနေဖြင့် "စွမ်းအင်ဖူလုံရေး၊ စွမ်းအင်လုံခြုံ ရေးနှင့် စွမ်းအင်အသွင်ကူးပြောင်း ရေးတွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်နေမှု" ခေါင်းစဉ် ဖြင့် ဆွေးနွေးပြောကြားရာတွင် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အခြေ အနေ၊ မြန်မာနိုင်ငံ၏ စွမ်းအင် ကဏ္ဍ အခြေအနေတို့နှင့် ဆက်စပ် ပြီး စွမ်းအင်အသွင်ကူးပြောင်းရေး ဆောင်ရွက်နေရာတွင် စွမ်းအင် ဖူလုံမှုနှင့်လုံခြုံမှုကို အလေးထား၍ ဆောင်ရွက်ရန်လိုအပ်မှု၊ ရင်းနှီး မြှုပ်နှံမှုများ လာရောက်ဆောင်ရွက် နိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ခြင်း၊ ရှာဖွေဖိတ်ခေါ် ခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက် နေမှုများ၊ ကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတု ဆိုင်ရာ ကတိကဝတ်များ ပြည့်မီ စေရေးအတွက် စွမ်းအင်အသွင် ကူးပြောင်းရေး လုပ်ငန်းစဉ်များ လိုက်ပါ ဆောင်ရွက်ရာတွင် တွေ့ကြုံနေသည့်စိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်ရန်အတွက် ပူးပေါင်း ဆောင်ရွက်ရန်လိုသည့်အခြေအနေ များကို ထည့်သွင်းဆွေးနွေးသည်။




ထို့နောက်ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသား စွမ်းအင် စီမံခန့်ခွဲမှုအဖွဲ့၏ အကြီးအကဲ ဖြစ်သူ Mr.Wang Hongzhi ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံစွမ်းအင်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများကို အခြေခံ၍ စွမ်းအင်အသွင် ကူးပြောင်းရေး ကာလတွင် စွမ်းအင်ဖူလုံမှုနှင့် လုံခြုံမှုအတွက် နှစ်နိုင်ငံအနေဖြင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက် လိုသည့် အခြေအနေများ၊ နှစ်နိုင်ငံ အကြီးအကဲများ သဘောတူညီ ထားကြပြီးဖြစ်သည့် ကဏ္ဍစုံ၊ ဘက်စုံပူးပေါင်းဆောင်ရွက်ရေး တွင် တစ်ခုအပါအဝင်ဖြစ်သော စွမ်းအင်ကဏ္ဍတွင် ပူးပေါင်း ဆောင်ရွက်လိုသည့်ကိစ္စရပ်များ၊ Green Energy, New Energy သို့ ကူးပြောင်းရာတွင် အဓိကကျသည့် နည်းပညာ၊ အရင်းအနှီး၊ လူသား အရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍ သုံးရပ်တွင် တရုတ်နိုင်ငံအနေဖြင့် လိုအပ်သည့်ကူညီအားပေးမှုများ ပြုလုပ်ပေးနိုင်ရန် ကိစ္စရပ်များ၊ ၂၁ ရာစုကို သိသာစွာပြောင်းလဲ သွားစေမည့် နည်းပညာဟုခေါ်ဆို ရမည့် AI နည်းပညာကို စွမ်းအင် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ် များတွင် မလွဲမသွေအသုံးပြုရမည် ဖြစ်ရာ အဓိကလိုအပ်သည့် လျှပ်စစ်ဓာတ်အားပိုမိုရယူ အသုံးပြု နိုင်ရေးအတွက် တရုတ်နိုင်ငံ အနေဖြင့် ကူညီဆောင်ရွက်ပေးရန် ကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍတွင် အရှေ့အလယ် ပိုင်းဒေသ၊ အာဖရိကဒေသတို့နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့် လျက်ရှိရာ မြန်မာနိုင်ငံ ပထဝီ အနေအထားအရ အချက်အချာ ကျသည့် အားသာချက်ကိုရယူ၍ ပူးပေါင်း ဆောင်ရွက်သွားရန် အဆင်သင့်ရှိနေပါကြောင်း နှစ်ဦး နှစ်ဖက် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အဓိကလမ်းမကြီးများနှင့် လမ်းဘေး ဝဲ၊ ယာများတွင် လမ်းနယ်အတွင်း ကျူးကျော်မှုများ ဖယ်ရှားရှင်းလင်းရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ အဓိကလမ်းမကြီးများနှင့် လမ်းဘေး ဝဲ၊ ယာများတွင် လမ်းနယ်အတွင်း ကျူးကျော်မှုများ ဖယ်ရှားရှင်းလင်း ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီဝင်များ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် အညီ နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးဖြစ်စေရန် Green City၊ Clean City၊ Smart City (၃)ရပ်အတိုင်း သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည် သော မြို့တော်ကြီးဖြစ်စေရန်အတွက် အဘက်ဘက်မှ ဘက်စုံ၊ ကဏ္ဍစုံ အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိ ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ မြို့တော် ဖြစ်အောင် ဘက်စုံကဏ္ဍစုံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အချိန်တွင် မြို့တော်အင်္ဂါ ရပ်များနှင့် မညီညွတ်သည့်၊ မြို့တော်အဆင့်ဂုဏ်ပြယုဂ် ကို ထိခိုက်စေသည့် လမ်းနယ်နိမိတ်အတွင်းနှင့် လမ်းနယ်နိမိတ်ပြင်ပတွင် ကျူးကျော်ဆောက်လုပ် ထားသည့် အဆောက်အအုံများနှင့် ရွှာအဝင်လမ်းများ ကို လုပ်ထုံးလုပ်နည်း ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း များနှင့် အညီ ဖယ်ရှားရှင်းလင်းဆောင်ရွက်သွားရန် လိုပါကြောင်း၊ လမ်းနယ်နိမိတ်အတွင်း ကျူးကျော်မှု များကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန က ထုတ်ပြန်ထားသော၊ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များနှင့်အညီ ဆက်လက်ဖယ်ရှားရှင်းလင်း ဆောင်ရွက် သွားရန်နှင့် ဆောင်ရွက်ပြီးစီးမှုများကို အချိန်နှင့် တစ်ပြေးညီ ပြန်လည်တင်ပြရန် လိုအပ်ကြောင်း ပြောကြားသည်။



ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြ ကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည် များမှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# ချောင်းဆုံမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

**ချောင်းဆုံ အောက်တိုဘာ ၂၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း ၍ အောက်တိုဘာ ၂၃ ရက်က ဒေါင်းဥ(အလက-ခွဲ)၌ မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေး ဟောပြောခြင်းနှင့် ဇာတ်တိုက်သရုပ်ပြ လေ့ကျင့်ခြင်း ဆောင်ရွက်သည်။

**အသိပညာပေး ဟောပြော**

အဆိုပါ မီးဘေးအန္တရာယ် ပညာပေး ဟောပြောခြင်းနှင့် ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်း ကို မြို့နယ်ပညာရေးမှူး ဦးလှဌွေး နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက် ကြပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင် များက မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး အသိပညာပေး ဟောပြောကာ မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုပုံ အဆင့်ဆင့်နှင့် မီးငြိမ်း သတ်နည်း သရုပ်ပြခြင်းများကို လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**



# ဇလွန်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ရပ်ကွက်၊ ကျေးရွာများသို့ လှည့်လည်နှိုးဆော်သတိပေး

**ဇလွန် အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန် မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်နိုင်ရေးအတွက် ယမန်နေ့ ညပိုင်းတွင် ရပ်ကွက်၊ ကျေးရွာများ သို့ လှည့်လည်နှိုးဆော်သတိပေး ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်လက်ထောက် ဦးစီးမှူး ဦးပြည့်စုံအောင် ဦးဆောင်ကာ သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များက ဇလွန်မြို့နယ် အတွင်း မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး၊ နေအိမ်တိုင်းတွင် ရေလုံလောက်စွာ ထားရှိရေး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ် များ ထားရှိရေး၊ ထမင်း၊ ဟင်း ချက်ပြုတ်ရာတွင် ထင်း၊ မီးသွေး များဖြင့် ချက်ပြုတ်ပါက နေအိမ် အပေါ်ထပ်များတွင် ချက်ပြုတ် ခြင်းမပြုကြရန် သတိပေးနှိုးဆော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**မိုးဟိန်းထက်**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာ-လာအို ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာ-လာအို ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။



ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာ-လာအိုချစ်ကြည်ရေးအသင်း ဖွဲ့စည်းဆောင်ရွက်နိုင်မှုအတွက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများတွင် ပိုမိုကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာ-လာအို နှစ်နိုင်ငံနယ်စပ်ဂိတ်ဖြစ်သည့် ဝမ်ပုံ-ဘန်မောင်မန်းနယ်စပ်ဂိတ်၌ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျိုင်းလတ်-စီအင်ကောက်နယ်စပ်ဂိတ်အား နှစ်နိုင်ငံသဘောတူညီမှုဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော်လည်း MoU တွင် ဖြည့်စွက်ထည့်သွင်း ဆောင်ရွက်နိုင်ပါက နှစ်နိုင်ငံပြည်သူများ ဝင်ထွက်သွားလာမှု ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာ-လာအို ချစ်ကြည်ရေးအသင်းအနေဖြင့် ဝန်ကြီးဌာနနှင့် ပတ်သက်သည့် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ပေးရန်ကိစ္စရပ်များရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ-လာအိုချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းမောင်က အသင်းဖြစ်ပေါ်လာပုံနှင့် ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေ၊ တွေ့ဆုံရသည့်အကြောင်းရင်းတို့ကို ရှင်းလင်းတင်ပြပြီး အဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာ-လာအို ချစ်ကြည်ရေးအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ရခိုင်ပြည်နယ်ကိုယ်စားပြုအဖွဲ့အား ဂုဏ်ပြုပွဲကျင်းပ



**စစ်တွေ အောက်တိုဘာ ၂၄**

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ရခိုင်ပြည်နယ်ကိုယ်စားပြုအဖွဲ့အား ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ River View စားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။

ကြိုဆိုဂုဏ်ပြုပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ရခိုင်ပြည်နယ်ကိုယ်စားပြု အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်နိုင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းက (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားပေါင်း ၆၃ မျိုးရှိသည့်အနက် ရခိုင်ပြည်နယ်အနေဖြင့် ၂၁ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်နှစ်ဆု၊ ငွေတံဆိပ်သုံးဆု၊ကြေးတံဆိပ်ငါးဆု၊အထူးဆုတစ်ဆု စုစုပေါင်းဆုတံဆိပ် ၁၁ ဆုရရှိခဲ့မှု၊ အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ရခိုင်ပြည်နယ်ကိုယ်စားပြု သျှင်ဒိုင်ယမ်းအဖွဲ့က ဖျော်ဖြေတင်ဆက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရခိုင်ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်များ၏ ပါဝင်ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ရခိုင်ပြည်နယ်ကိုယ်စားပြု အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် နေပြည်တော် – မန္တလေး ရထားလမ်းပိုင်း ပြုပြင်ဆောင်ရွက်နေမှုနှင့် ဂုတ်ထိပ်တံတားပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်အထိ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ နေပြည်တော် – သာစည် – သဲတော–မန္တလေးရထားလမ်းပိုင်းတွင် မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ရထားလမ်းပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် နေပြည်တော်–သာစည် – သဲတော–မန္တလေးရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို RBE ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးပြီး Run Off Frame များ စနစ်တကျတပ်ဆင်သွားရန်၊ ကွေ့ဒီဂရီ၊ Alignment နှင့် Super Elevations များ မှန်ကန်မှုရှိစေရေး စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန်၊ ရထားလမ်းတာပေါင်ကျဉ်းသော နေရာများတွင် သတ်မှတ်အကျယ် ရရှိအောင် စနစ်တကျဆောင်ရွက်ရန်၊ ရထားလမ်းပိုင်းအတွင်း သတ်မှတ်စံချိန်စံနှုန်းအတိုင်း လမ်းခင်းကျောက်များ စနစ်တကျဖြည့်သွင်းပြီး Hand Tamp Machine အပြင် Automatic Leveling၊ Lining & Tamping Machine (ALLTM) စက်ဖြင့် ကျောက်ပါကင်ရိုက်ခြင်း လုပ်ငန်းကို သေချာစွာဆောင်ရွက်ရန်၊ လမ်းပိုင်းအတွင်း အသစ်ပြန်လည် တည်ဆောက်ရမည့် တံတားအမှတ် ၆၇၇၊ ၆၉၁၊ ၇၃၉ နှင့် ၇၇၁ တို့အတွက် Soil Test စနစ်တကျဆောင်ရွက်ပြီး တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ရန်နှင့် ပြင်းထန်သော မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဘူတာများနေရာ၌ ဘူတာအသစ်များအမြန်အစားထိုးတည်ဆောက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်၊ နောင်ချို၊ ဂုတ်ထိပ်ဘူတာများနှင့် ဂုတ်ထိပ်တံတားသံပေါင်ပျက်စီးမှု ပြန်လည်ပြုပြင်နေမှုအခြေအနေ၊ နောင်ပိန်နှင့် ကျောက်မဲဘူတာများသို့ သွားရောက်စစ်ဆေးပြီး ဘူတာနှင့် ယာဉ်ဝင်းများအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး မြက်၊ ချုံနွယ်များ ရှင်းလင်းသွားရန်၊ ရထားပြန်လည်ပြေးဆွဲနိုင်ရေး လမ်းပိုင်းကြံ့ခိုင်မှု အခြေအနေတို့ကို ပုံမှန်စစ်ဆေးသွားရန် ဆွေးနွေးမှာကြားကာ ဂုတ်ထိပ်တံတား သံပေါင်သစ်ပြန်လည်တပ်ဆင်မှု အခြေအနေနှင့် စပ်လျဉ်း၍ သမိုင်းအမွေအနှစ်တံတားဖြစ်သဖြင့် မူလလက်ရာဒီဇိုင်းအတိုင်းဖြစ်အောင် စနစ်တကျ ဂရုစိုက်၍ ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကျောက်မဲမြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးတွင် ကျောက်မဲခရိုင်မှ ဝန်ကြီးဌာနအောက် ဌာန/အဖွဲ့အစည်းများရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်ပြီး ဌာန/အဖွဲ့အစည်းများအလိုက် မိမိတို့၏လုပ်ငန်းတာဝန်များကို ကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) သို့သွားရောက် စစ်ဆေးကာ လူစီးတွဲနှင့် ကုန်တွဲများ အချိန်မီပြုပြင်ပြီးစီးရေး၊ ဝန်ထမ်းများ အရည်အသွေးနှင့် ကျွမ်းကျင်မှု တိုးတက်စေရေး၊ စက်ရုံရှိ စက်ကိရိယာပစ္စည်းများ ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး စနစ်တကျစီမံဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သီပေါမြို့ အမှတ်(၂)အခြေခံပညာမူလတန်း(လွန်)ကျောင်းနှင့် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းတို့ ထပ်မံဖွင့်လှစ် ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့၌ ကျောင်းသား ကျောင်းသူများ အမြန်ဆုံး ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာ ၂၂ ရက်တွင်လည်းကောင်း၊ ယနေ့တွင် အမှတ်(၂) အခြေခံပညာမူလတန်း(လွန်)ကျောင်းနှင့် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းတို့ကို လည်းကောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့ရာ ယနေ့အထိ အခြေခံပညာကျောင်း သုံးကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



အဆိုပါကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ယနေ့တွင် ကျောင်းသား ကျောင်းသူ ၇၅ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၂၃၀ ဦး ကျောင်းတက်ရောက်လျက်ရှိပြီး စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရှိရသည်။ အဆိုပါ ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၄ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာနှစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများ အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

လှိုင် အောက်တိုဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲ၊ လူငယ်စကားဝိုင်း၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ဂိမ်းကစားနည်း ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးညိုထွန်းက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ် ဆရာကြီး ဦးဇေယျာလင်းက ကျေးဇူးတင်စကားပြောကြားပြီး လှိုင်မြို့နယ် စာရေးဆရာအသင်း နာယက ဆရာမင်းဆက်ပိုင်က “ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး” ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးနှင့်အဖွဲ့ဝင်များက စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညိုထွန်းက ဦးဆောင် ဆွေးနွေးကာ ကျောင်းသား ကျောင်းသူ ခြောက်ဦးက ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးဆောင် ဆွေးနွေးသူများက ပြန်လည်ဖြေကြားခြင်းဖြင့် အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲများကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြပြီး ဂိမ်းကစားနည်းပြိုင်ပွဲများကို ပျော်ရွှင်စွာကစားခဲ့ကြသည်။ အခမ်းအနားသို့ ကျောင်းသား ကျောင်းသူ ၄၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်နိုင်(ပြန်/ဆက်)**



## ဟသ်ာတမြို့နယ်၌ မီးဘေးအန္တရာယ် နှိုးဆော်သတိပေး

ဟသ်ာတ အောက်တိုဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယမန်နေ့ညပိုင်းတွင် ရပ်ကွက်ကျေးရွာများသို့ လှည့်လည်နှိုးဆော်သတိပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒုတိယမြို့နယ် မီးသတ်ဦးစီးမှူး ဦးသွင်ကိုကိုအောင် ဦးဆောင်ကာ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းနှင့်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဟသ်ာတမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ လျှပ်စစ်မီးကြိုးများ စနစ်တကျသွယ်တန်းထားရှိရေး၊ နေအိမ်တိုင်းတွင် မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များထားရှိရေး၊ ထင်း၊ မီးသွေးများဖြင့် ချက်ပြုတ်ပါက နေအိမ်အပေါ်ထပ်များတွင် ချက်ပြုတ်ခြင်းမပြုကြရန်နှင့် နေအိမ်တိုင်းတွင် ရေလုံလောက်အောင်ထားရှိရေး သတိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

## ရန်ကုန်အဝေးသင်တက္ကသိုလ်၌ သုတေသနစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ



ရန်ကုန် အောက်တိုဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ရန်ကုန်အဝေးသင်တက္ကသိုလ်ရှိ ဆရာ ဆရာမများ၏ သုတေသနအရည်အသွေး တိုးတက်မြင့်မားစေရန် “Enhancing Research Quality and Impact in Resource–Constrained Environments” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် အဆိုပါတက္ကသိုလ်ရှိ အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာဒေါ်နုနုရီက အမှာစကားပြောကြားပြီး ဒေါက်တာဟိန်းလတ်(ကထိက၊ စီးပွားရေးပညာဌာန)က ဦးဆောင်ဆွေးနွေးသူ (Moderator)အဖြစ် ဆောင်ရွက်ကာ Science ဘာသာရပ်များအတွက် ဒေါက်တာနှင်းယုဝေ (တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန) နှင့် ဒေါ်ညိုမာစိုး (လ/ထကထိက၊ ရူပဗေဒဌာန(၃–ပါရဂူ) သင်တန်းသူ)တို့ကလည်းကောင်း၊ Social Science ဘာသာရပ်အတွက် ဒေါက်တာသီတာထွန်း (ပါမောက္ခ၊ ဥပဒေပညာဌာန)နှင့် ဒေါက်တာရီရီမြင့် (ပါမောက္ခ၊ ပထဝီဝင်ဌာန)တို့နှင့် Arts & Humanities ဘာသာရပ်တွင် ဒေါ်နှင်းနန္ဒာထက် (နည်းပြ၊ မြန်မာစာဌာန(၁–ပါရဂူ) သင်တန်းသူ)တို့က ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကာ ဘာသာရပ်အသီးသီးတွင် သုတေသနလုပ်ငန်းများဆောင်ရွက်ရာ၌ တွေ့ကြုံရသည့် အခက်အခဲများနှင့် လက်ရှိအခြေအနေများ၊ အရင်းအမြစ် ကန့်သတ်ချက်ရှိနေသည့်ကြားမှ လက်ရှိလုပ်ဆောင်နေသည့် နည်းဗျူဟာနှင့် ပူးပေါင်းလုပ်ဆောင်မှုများ၊ တက္ကသိုလ်အဖွဲ့အစည်းနှင့် နိုင်ငံတော်မူဝါဒအဆင့်တွင် လက်တွေ့အသုံးချနိုင်သည့် အကြံပြုချက်များကို အပိုင်း(၃)ပိုင်းခွဲ၍ ဆွေးနွေးကြကြောင်း သိရသည်။

**စိမ်းလဲ့(ပြန်/ဆက်)**



## မအူပင်မြို့နယ် သမဝါယမအသင်း မိုးစပါးရိတ်သိမ်းနေမှု ကြည့်ရှုအားပေး

မအူပင် အောက်တိုဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာရှိ ရွှေဖိုးသာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၏ ဆာဖိုးသာ မိုးစပါးရိတ်သိမ်းနေမှုကို ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဆွေနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးရာ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးအရာရှိဦးသန့်စင်က အသင်း၏လုပ်ငန်းဆောင်ရွက်နေမှုများနှင့် တစ်ဧကလျှင် ပျမ်းမျှ ၁၃၉ တင်းထွက်ရှိမှုအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် တတိယအကြိမ် မျက်စိကျန်းမာရေးစစ်ဆေးကုသပေး

ပဲခူး အောက်တိုဘာ ၂၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးအဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပဲခူးမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ ယနေ့နံနက်ပိုင်းက ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ် တတိယအကြိမ်မြောက် မျက်စိကျန်းမာရေးစစ်ဆေးပေးမှုနှင့် ခွဲစိတ်ကုသခြင်း ဆောင်ရွက်ပေးနေမှုတို့ကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးက မျက်စိကျန်းမာရေးနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် လိုက်နာရမည့်အချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခွဲစိတ်ပြီး လူနာများ၏ မျက်စိကျန်းမာရေးကို ကြည့်ရှုစစ်ဆေးပေးကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်တို့နှင့်အတူ မျက်စိခွဲစိတ်ကုသရန် လူနာများနှင့် မျက်စိခွဲစိတ်ကုသပြီးလူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြား၍ ခွဲစိတ်ကုသပြီးလူနာများအား ဆေးမျက်မှန်များ တပ်ဆင်ပေးကာ အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး မျက်စိအထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအဖွဲ့ဝင်များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

**လှူဒါန်း**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မျက်စိခွဲစိတ်လူနာများနှင့် လူနာစောင့်များအတွက် နေ့လယ်စာထမင်းဘူးများ၊ သောက်ရေသန့်ဘူးနှင့် မုန့်များ ကျွေးမွေးလှူဒါန်းကြသည်။

အဆိုပါ တတိယအကြိမ်မြောက် မျက်စိကျန်းမာရေးစစ်ဆေးပေးမှုနှင့် ခွဲစိတ်ကုသမှုဆောင်ရွက်ပေးခြင်းကို ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့် တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးတို့က မျက်စိရောဂါလူနာ ၂၇၀ ကျော်တို့ကို အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ဆောင်ရွက်ပေးကြမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ဒါးပိန်တိုက်နယ်၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသ

လှည်းကူး အောက်တိုဘာ ၂၄

ကျန်းမာရေးဝန်ကြီးဌာနမှ လမ်းညွှန်ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)၊ ရန်ကုန်အရိုးအထူးကုဆေးရုံကြီး၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသမှုအစီအစဉ်ကို အောက်တိုဘာ ၂၃ ရက်က ဒါးပိန်တိုက်နယ်ဆေးရုံ လှည်းကူးမြို့နယ်၌ ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းကုသပေးရာတွင် လူနာစုစုပေါင်း ၈၂၃ ဦးအား ကြည့်ရှုကုသပေးကာ ဆေးနှင့်ဆေးပစ္စည်းများကို အခမဲ့ထောက်ပံ့ပေးသည်။ ထို့အပြင် ကလေးလူနာတစ်ဦးအား ဆေးရုံတင်၍ ကုသပေးခဲ့ပြီး VIA (Visual Inspection using acetic acid) နည်းလမ်းဖြင့် သားအိမ်ခေါင်းကင်ဆာအကြိုအဆင့် စစ်ဆေးခြင်း ၇၀၊ တီဘီလူနာသစ် ငါးဦး၊ လွှဲပြောင်းလူနာ ၇၉ ဦးတို့အား သက်ဆိုင်ရာဆေးရုံများသို့ ကုသမှုခံယူရန် လွှဲပြောင်းပေးပြီး ရွေ့လျားဓာတ်မှန်စက်ဖြင့် ရင်ဘတ်ဓာတ်မှန်ရိုက်လူနာ ၁၅၄ ဦး၊ တယ်လီဗွီးရှင်းဓာတ်မှန်ရိုက်လူနာ ၇၀ နှင့် ပြည်သူ ၂၀၂ ဦးတို့အား ဆီးချိုသွေးချိုရောဂါနှင့် သွေးတိုးရောဂါအကြောင်း သိကောင်းစရာကျန်းမာရေးပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လှိုင်ကော်တက္ကသိုလ်၌ ၂၀၂၅ ပညာသင်နှစ် အဝေးသင်စာမေးပွဲ အေးချမ်းစွာဖြေဆို

လှိုင်ကော် အောက်တိုဘာ ၂၄

ပညာရေး ဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းများ၏ စာမေးပွဲကို နိုင်ငံတစ်ဝန်း၌ ယနေ့နံနက်ပိုင်းမှ စတင်ဖြေဆိုလျက်ရှိရာ လှိုင်ကော် တက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများက ဝိဇ္ဇာအထူးပြု ဘာသာရပ်များဖြစ်သည့် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာနှင့် ဥပဒေ ဘာသာရပ်များကို အေးချမ်းစွာ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။



လှိုင်ကော် တက္ကသိုလ်ကို နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အောက်တိုဘာ ၁၃ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ရာ ဒုတိယအသုတ် အနီးကပ် သင်တန်းကာလကို အောက်တိုဘာ ၁၃ ရက်မှ ၂၂ ရက်အထိ သင်ကြားပို့ချခဲ့ပြီး စာမေးပွဲကို အောက်တိုဘာ ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူ ၃၉၄ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မင်းတုန်းမြို့၌ စားသောက်ဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေး



မင်းတုန်း အောက်တိုဘာ ၂၄

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့ မြို့ပေါ်ရပ်ကွက်များရှိ စားသောက်ဆိုင်များ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များက ယနေ့နံနက် ၉ နာရီတွင် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် စားသောက်ဆိုင်များ၌ ချက်ပြုတ်ရန် အသုံးပြုသည့် လျှပ်စစ်မီးဖို၊ ထင်းမီးဖို၊ ဂက်စ်မီးဖိုများ စနစ်တကျသုံးစွဲရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ အသင့်အနေအထား ဖြစ်စေရေး စစ်ဆေးမှာကြားခဲ့ကြကြောင်း သိရသည်။

ချင်းကလေး(NRDC)

## ပုသိမ်မြို့နယ်၌ သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ပုသိမ် အောက်တိုဘာ ၂၄

ပုသိမ်မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဒေါ်သန်းသန်းလှက အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်လွင်လွင်စိုး၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ အုပ်ချုပ်မှုဒါရိုက်တာနှင့် ပုသိမ်မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိတို့က လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများနှင့် အသင်းစာရင်းစစ်အစီရင်ခံစာများကို အတွင်းရေးမှူးဦးကျော်သက်နှင့် အသင်းစာရင်းစစ် ဦးမြင့်အောင်တို့က ဖတ်ကြားတင်သွင်းခဲ့ရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သဘောတူအတည်ပြုခဲ့သည်။ ထို့နောက် (၂၆) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် စောင်းနှင့် စန္ဒရားအတီးပြိုင်ပွဲ၌ ဆုနှစ်ဆုရရှိခဲ့သော ကောင်းရောင်းဝယ်ရေးသမဝါယမအသင်းဥက္ကဋ္ဌ၏သမီးဖြစ်သူ မကေဇော်ရှင်းသန့်အား ဂုဏ်ပြုမှတ်တမ်းနှင့် ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

မေချို



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၅၁ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



နေပြည်တော် အောက်တိုဘာ ၂၄

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စုံစမ်းစစ်ဆေး ဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

**ထွက်ပြေးတိမ်းရှောင်**

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ တပ်မတော်နှင့် BGF နယ်ခြားစောင့်တပ်များသည်အောက်တိုဘာ ၂၂ ရက် ည ၁၁ နာရီခန့်တွင်မြဝတီမြို့နယ် မဲထော်သလေးကျေးရွာအုပ်စု(KK Park)နယ်မြေအတွင်းသို့ ရောင်တခင် ဝင်ရောက်စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်ခဲ့သဖြင့် (KK Park)နယ်မြေအတွင်း အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားအလုပ်သမားများနှင့် နိုင်ငံခြားသားများသည် ကရင်ပြည်နယ် မြဝတီမြို့ပေါ်ရပ်ကွက် မဲထော်သလေးကျေးရွာအုပ်စု၊ ဖလူးကျေးရွာအုပ်စု၊ မင်းလက်ပံကျေးရွာနှင့် တစ်ဖက်ထိုင်းနိုင်ငံ မဲဆောက်မြို့တို့သို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက နယ်မြေတည်ငြိမ်အေးချမ်းမှုရှိစေရေး၊ အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းဆောင်ရွက်နေသူများ မပါရှိစေရေးတို့အတွက် အဆိုပါထွက်ပြေးတိမ်းရှောင်ကြသူများအား စစ်ဆေးဖော်ထုတ် ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ ယနေ့မွန်းတည့် ၁၂ နာရီအထိ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၅၁ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး အဆိုပါ နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်း/လက်ခံ ဆောင်ရွက်ခြင်းမပြုမီ အမှတ်(၄)ရပ်ကွက် မိုးလုံလေလုံ အားကစားခန်းမ၌ ထိန်းသိမ်းထားရှိရာ မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့်တာဝန်ရှိသူများက အဆိုပါနိုင်ငံခြားသားများ၏ လုံခြုံရေး၊ ကျွေးမွေးရေး၊ အုပ်ချုပ်ထောက်ပံ့မှု စနစ်တကျရှိစေရေးတို့အတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နိုင်ငံတော် အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများကို တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Arkar Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက်နေ အာကာစိုးအား ည ၇ နာရီခွဲတွင် သဃ်န်းကျွန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

ရန်ကုန် အောက်တိုဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရပ်ကွက်များအတွင်း မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် အောက်တိုဘာ ၂၃ ရက် ည ၇ နာရီမှ ၉ နာရီအထိ မြို့နယ်အတွင်းရှိပြည်သူများမီးသတိပြုရေးနှင့်မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ လှည့်လည်၍ မီးသတိပေးဆော်ဩသည်။

**အသိပညာပေးနှိုးဆော်**

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးတင်ထွန်းအောင် ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ငါးဦး၊ အရန်တပ်ဖွဲ့ဝင် သုံးဦးတို့နှင့်အတူ တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း အမှတ်(၃၄)၊ (၃၅)၊ (၃၆)၊ (၃၇)၊ (၄၁)၊ (၄၂)နှင့် (၄၃)ရပ်ကွက်များအတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး အသိပညာပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး လှည့်လည်ဆော်ဩဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မီးဘေးလုံခြုံရေးအသိပညာပေးဆော်ဩခြင်းကို ယနေ့ညနေပိုင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် ဆော်ဩဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆောင်ရွက်ရာတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးမင်း ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့က မီးငြိမ်းသတ်ယာဉ် တစ်စီးဖြင့် ရပ်ကွက်/ကျေးရွာများအတွင်း လှည့်လည်၍ မီးလောင်မှုနှင့် မီးလန့်မှုများ မဖြစ်ပွားစေရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆော်ဩဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**





# သာကေတမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

ရန်ကုန် အောက်တိုဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်း မီးလန့်မှု၊ မီးလောင်မှုမဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် အောက်တိုဘာ ၂၃ ရက် ည ၇ နာရီခွဲမှ ၉ နာရီအတွင်း မီးဘေးအန္တရာယ်အသိပညာပေး လှည့်လည်ဆော်ဩခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို သာကေတမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးနေဝင်းထွန်းနှင့်တပ်ဖွဲ့ဝင်များက ပြည်သူများ မီးသတိပြုရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး ရပ်ကွက်အလိုက် လှည့်လည်ဆော်ဩပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ဧရာရွှေဝါစက်သုံးဆီဆိုင်ကို အောက်တိုဘာ ၂၃ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီထွေးဦးနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးစဉ်။ ညီထွေး

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ရေကြည်မြို့နယ် သရက်ပင်လှကျေးရွာ စံနီကမ်းနားတံတားဖွင့်ပွဲအခမ်းအနား တက်ရောက်

**ပုသိမ် အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် သရက်ပင်လှကျေးရွာရှိ မတည်အလှူရှင်နှင့် ဒေသခံပြည်သူလူထုတို့ ပူးပေါင်း၍ စံနီကမ်းနားသစ်သားတံတားအသစ် ပြန်လည်တည်ဆောက်ခြင်း တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတံတား၏ မုခ်ဦးရှေ့၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ဖွင့်လှစ်ပေးသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ သရက်ပင်လှကျေးရွာရှိ မတည်အလှူရှင်နှင့် ဒေသခံပြည်သူလူထုတို့ ပူးပေါင်း၍ ကိုယ်ထူကိုယ်ထဖြင့် တံတားအရှည် ပေ ၃၂၀၊ အကျယ်၁၀ ပေ စံနီကမ်းနားတံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သရက်ပင်လှကျေးရွာ ဇေယျာသုခကျောင်းတိုက်တွင်ပြုလုပ်သည့် ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသခံပြည်သူများအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများကို ရရှိသည့်ဘဏ္ဍာငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး သည် မြန်မာနိုင်ငံ၏ စပါးကျီဖြစ်ပြီး မိုးစပါး၊ နွေစပါးဧက ၅၂ သိန်းကျော် စိုက်ပျိုးဆောင်ရွက်လျက်ရှိကာ စိုက်ဧကပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း Export Zone ဧကတစ်သိန်းအကောင်အထည်ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးမှ ထွက်ရှိသည့် ပေါ်ဆန်းအရည်အသွေး ကောင်းမွန်စေရေးဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး၏ Brand တစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ကွန်ကရစ်တံတားနှင့် ကွန်ကရစ်လမ်းဆောင်ရွက်ပေးစေလိုမှု၊ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးစေလိုမှု၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် မီးသတ်စခန်းဆောက်လုပ်ပေးစေလိုမှု၊ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ဆောင်ရွက်ပေးစေလိုမှု ကိစ္စရပ်များကို တင်ပြကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက တင်ပြချက်များအပေါ် ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ပင်းတယမြို့နယ်၌ ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်း ကွင်းဆင်းကြည့်ရှု

**ပင်းတယ အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပွေးလှကျေးရွာနှင့် နန်းကုန်းကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို အောက်တိုဘာ ၂၃ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးရဲခေါင်ထွန်း၊ ညွှန်ကြားရေးမှူး ဦးဝင်းမင်းလတ်တို့နှင့်အတူ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဒေသကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေလွင်ဖြိုး (မြို့ပြ)၊ဦးစီးအရာရှိ(မြို့ပြ) ဒေါ်တင်တင်ထွေးတို့ ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါ ပွေးလှကျေးရွာနှင့်နန်းကုန်းကျေးရွာချင်းဆက် ကတ္တရာလမ်းအား သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေ ကျပ် ၁၃၈ ဒသမ ၀၁၉ သန်းဖြင့် လမ်းအရှည် ၀/၃မိုင်၊ အကျယ် ၁၂ ပေ၊ ဒုကိုးလက်မရှိပြီး ဓနုသီဟကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ကိုဦး(ပြန်/ဆက်)

# သရက်မြို့နယ်အတွင်း လောင်စာဆီသယ်ယာဉ်များ မီးဘေးလုံခြုံရေးစစ်ဆေး

**သရက် အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဒုမီးသတ်ဦးစီးမှူး ဦးမင်းကျော်ဟိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၃ ရက်က သရက်မြို့ AY စက်သုံးဆီဆိုင်တွင် ဆီချခြင်းများကို ကွင်းဆင်းစစ်ဆေးသည်။

**စစ်ဆေး**

ထိုသို့စစ်ဆေးရာတွင် လောင်စာဆီသယ်ယာဉ်များ စက်သုံးဆီအရောင်းဆိုင်များရှိ လောင်စာဆီသိုလှောင်ကန်များသို့ လောင်စာဆီဖြည့်သွင်းရာတွင်လည်းကောင်း၊ လမ်းခရီးတစ်လျှောက် လောင်စာဆီသယ်ယူမောင်းနှင်ရာတွင်လည်းကောင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် လိုအပ်သော မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ လုံလောက်စွာထားရှိစေရေးနှင့် မီးဘေးလုံခြုံရေးကိစ္စရပ်များ စနစ်တကျအလေးထားဆောင်ရွက်ရေးတို့ကို စစ်ဆေးအကြံပြုခဲ့ကြောင်း သိရသည်။



ကောင်းစစ်နိုင်

# ငွေဆောင်မြို့၌ ဆေးလိပ်ငွေ့ကင်းစင်သော ငွေဆောင်ကမ်းခြေဒေသ ဖော်ဆောင်ရေးဆွေးနွေး

**ငွေဆောင် အောက်တိုဘာ ၂၄**

ဧရာဝတီ တိုင်းဒေသကြီး ငွေဆောင်မြို့၌ ဆေးလိပ်ငွေ့ကင်းစင်သော ငွေဆောင်ကမ်းခြေဒေသ ဖော်ဆောင်ရေးအတွက် အသိပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ငွေဆောင်မြို့ အမှတ်( ၁) ရပ်ကွက် ဟိုတယ်လမ်းရှိ Sunny Paradise ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းကိုက ဆေးလိပ်ငွေ့ကင်းစင်သော ငွေဆောင်ကမ်းခြေဒေသဖြစ်လာစေရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအေးမြင့်သူက ဆေးလိပ်ငွေ့ကင်းစင်ရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ Asean Award ဆုရရှိခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာတင်ဝင်းအောင်က ငွေဆောင်မြို့တွင် ဆေးလိပ်ငွေ့ကင်းစင်ရေးအတွက် အပိုင်းအလိုက်ပါဝင်ရမည့် ကိစ္စရပ်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက် လာကြသူများ၏ တင်ပြချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

ငွေဆောင်(ပြန်/ဆက်)

# ခရမ်းမြို့နယ်၌ ကျေးလက်လမ်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆော င်ရွက်သည့် ကျေးလက်လမ်း/တံတားလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို အောက်တိုဘာ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်ဇော်နှင့် သန်လျင်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးစီးအရာရှိ(မြို့ပြ)၊ အရည်အသွေး စစ်ဆေးရေး တာဝန်ခံတို့နှင့်အတူ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# လှည်းကူးမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**လှည်းကူး အောက်တိုဘာ ၂၄**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တည်ဆဲ အခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က အဆိုပါရုံး၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသိန်းထိုက်ဦးက လုပ်ငန်းရှင်များအား အခွန်ကဏ္ဍတစ်ရပ်ချင်းအလိုက် သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဝင်များနှင့် လုပ်ငန်းရှင် အခွန်ထမ်းဦးရေ စုစုပေါင်း ၅၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။



အေးအေးနွဲ့(လှည်းကူး)

# လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ



**ထားဝယ် အောက်တိုဘာ ၂၄**

ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

အခမ်းအနားတွင် တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်းက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ဥပဒေအရာရှိများနှင့် ဝန်ထမ်းမိသားစုဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် ဥပဒေအရာရှိတို့က မဲစာရင်းတွင် ပါရှိရေး တစ်ဦးတစ်ယောက်မှ မကျန်ရှိအောင် အလေးထား ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ မိမိရုံး၌ ရှိသော အရာထမ်း၊ အမှုထမ်းနှင့် မိသားစုဝင်များက မဲစာရင်းတွင် ပါ/မပါ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများတွင် မဲစာရင်းအား ကြည့်ရှုပြီး မပါရှိက သက်ဆိုင်ရာ ဥပဒေအရာရှိများ အနေဖြင့် မဲစာရင်းပါရှိရေး အလေးထား ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း မှာကြားပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချနိုင်ရေး ဆွေးနွေး

**ပုသိမ်ကြီး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန ပံသုကျီခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချနိုင်ရေးဆိုင်ရာသိကောင်းစရာများ ဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့်က မီးခိုးမြူငွေ့နှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်း၊ မြို့၊ ရွာ၊ ရပ်ကွက်များရှိ ကွင်းပြင်များတွင် အမှိုက်မီးမရှို့စေရေး ပညာပေးရေးနှင့် လယ်ယာ၊ အိမ်ခြံထွက်အမှိုက်များကို သက်သာသောနည်းစနစ်ဖြင့် ရှင်းလင်းနိုင်ရေး၊ သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ နည်းပညာပံ့ပိုးပေးနိုင်ရေး ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဖြိုးစံက တောမီးလောင်ကျွမ်းမှု၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများ၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




# သုံးခွမြို့၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး



**သုံးခွ အောက်တိုဘာ ၂၄**

ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ယာယီတိုင်းဒေသကြီး ဦးစီးမှူး ဦးတင့်နိုင်နှင့် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းက စပါးနှင့် ပဲတီစိမ်းတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် စမ်းသပ်ကွက် ဆောင်ရွက်ရန် ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် ပေါင်းသတ်ဆေးများကို ပေးအပ်သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာ ပညာရှင်များက သီးနှံထွက်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးအတွက် ပိုးသတ်ဆေးသုံးစွဲရာတွင် စနစ်တကျသုံးစွဲရေးနှင့် ဘက်စုံသီးနှံကာကွယ်ရေး နည်းစနစ်များအား ကျင့်သုံးဆောင်ရွက်နိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုရေး၊ မြေဆီလွှာ အာဟာရဓာတ်များ ဖြည့်သွင်းပေးရေး၊ သဘာဝမြေဩဇာနှင့် သစ်စိမ်းမြေဩဇာများ ထည့်သွင်းအသုံးပြုရေး၊ ဓာတ်မြေဩဇာ စနစ်တကျ အချိန်ကိုက်အချိုးကျ သုံးစွဲရေး အကြောင်းအရာများကို ပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ်၌ အိမ်ခြံမြေအသိပညာပေးသင်တန်းဖွင့်

**ပြင်ဦးလွင် အောက်တိုဘာ ၂၄**

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့တွင် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်း(ဗဟို)မှ ဦးဆောင်ဖွင့်လှစ်သော အိမ်ခြံမြေ အသိပညာပေး သင်တန်းနှင့် AML/CFT အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထူး၊ မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်မို့မို့အောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးငွေးမြင့်တို့က အမှာစကားပြောကြားကြသည်။



အဆိုပါ အသိပညာပေး သင်တန်းနှင့် ဆွေးနွေးပွဲတွင် သက်ဆိုင်ရာ ဘာသာရပ်ပညာရှင်များဖြစ်ကြသော ဦးကျော်အေး(တရားလွှတ်တော် ရှေ့နေ)၊ ဒေါက်တာ ဦးသောင်းကြည်(ရန်ကုန်တက္ကသိုလ်)၊ ဦးသူရိန်အောင် (ဒုတိယညွှန်ကြားရေးမှူး)၊ ဦးမျိုးတင့်ဇော်(ဒုတိယညွှန်ကြားရေးမှူး)နှင့် ဦးဇော်မျိုးထွန်း(လက်ထောက်ညွှန်ကြားရေးမှူး)တို့က စာချုပ်စာတမ်းနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများ၊ အိမ်ခြံမြေ အကျိုးဆောင်၏ ကောင်းမွန်သော ကိုယ်ရည်ကိုယ်သွေးများ၊ AML/CFT Anti-Money၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အစရှိသော အကြောင်းအရာများကို သင်ကြားပို့ချ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲ ကျင်းပ



**အုတ်တွင်း အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ပြည်တွင်းအခွန်ဦးစီးဌာနမှ ကျင်းပပြုလုပ်သော အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် အုတ်တွင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးဇေအောင်က ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်ငါးမျိုး အကြောင်းအရာ၊ ကုန်သွယ်ခွန်နှင့် ဝင်ငွေခွန် အကြောင်းအရာများ၊ အထူးကုန်စည်နှင့် ပြေစာ အမှတ်တံဆိပ်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ကျောင်းကုန်း အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်း ဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း မိုးစပါး ၁၁၈၀၁၆ ဧက စိုက်ပျိုးထားရှိရာ ယနေ့နံနက်ပိုင်းတွင် သစ်ဆိမ့်ကုန်းကျေးရွာအုပ်စု တောင်သူဦးသန်းဦး၏ လယ်မြေ ငါးဧက၌ စံကွက်ရိတ်သိမ်းသည်။



အဆိုပါမိုးစပါးစံကွက်ရိတ်သိမ်းရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုဦး၊ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးစိုင်းရိုန်းလင်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ငွေးနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြပြီး ဆင်းသုခစပါးမျိုးကွဲအား ကောင်း/သင့်/ညှိ ကိုယ်စားပြုစံကွက်သုံးမျိုး ရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှအထွက်နှုန်း အစို ၁၀၄ ဒသမ ၁၇ တင်း၊ အခြောက် ၉၃ ဒသမ ၂၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့အား ကြိုဆိုဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

မန္တလေး အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Anna Sergeevna Vinnikova ဦးဆောင်သောအဖွဲ့အား ယနေ့နံနက်ပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုသည်။

အဆိုပါအဖွဲ့သည် MAI လေကြောင်းလိုင်းဖြင့် ညောင်ဦးလေဆိပ်မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး မန္တလေးမြို့မှတစ်ဆင့် ပြင်ဦးလွင်မြို့သို့ ဆက်လက်ထွက်ခွာ၍ အမျိုးသားကန်တော်ကြီးဥယျာဉ် ကိုလိုနီခေတ်ရှေးဟောင်းအဆောက်အအုံများနှင့် အထင်ကရနေရာများသို့ လေ့လာလည်ပတ်ကြသည်။

ညပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Anna Sergeevna Vinnikova ဦးဆောင်သောအဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တာဝန်ရှိသူတို့က ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယ




ဝန်ကြီးနှင့်အဖွဲ့အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်အဖွဲ့ကိုလည်း ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သာကေတမြို့နယ် သမဝါယမအသင်းစုလီမိတက်အရပ်ရပ်ဆိုင်ရာ စည်းဝေး

သာကေတ အောက်တိုဘာ ၂၄

ရန်ကုန် တိုင်းဒေသကြီး သာကေတမြို့နယ် သမဝါယမ အသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဦးစွာ သာကေတမြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးလှကြည်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သမဝါယမ



ဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များ၊ မူဝါဒများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များအပေါ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို အသင်းအုပ်ချုပ်မှုဒါရိုက်တာ ဦးငွေထွန်း၊ ဘဏ္ဍာရေးရှင်းတမ်းကို အသင်းမန်နေဂျာ ဒေါ်စန်းစန်းဝင်း၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို အသင်းစာရင်းစစ် ခေါင်းဆောင် ဦးအေးလွင်တို့က ဖတ်ကြားကာ အတည်ပြုချက်များ ရယူခဲ့သည်။ ယင်းနောက် မြို့နယ်သမဝါယမ အသင်းစုဝင် အခြေခံအသင်းများအား အစုပေါ်အမြတ်ငွေရာနှုန်းပြည့် ငွေကျပ် ၈၁ သိန်းကို ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ပေးအပ်ရာ အသင်းစုဝင်ကိုယ်စား ဦးအုန်းမြင့်က လက်ခံရယူခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်(သာကေတ)

# သထုံမြို့ နောင်ကုလားရှမ်းရွာ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

သထုံ အောက်တိုဘာ ၂၄

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတမြင့်မားပြီး စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းက နောင်ကုလားရှမ်းရွာ အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ နောင်ကုလားရှမ်းရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်တင်တင်ထွေးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းတွင် Grade-11 ကျောင်းသူတစ်ဦးက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး Grade-11၊ Grade -10 နှင့် Grade-9 ကျောင်းသား ကျောင်းသူ လေးဦးတို့က လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် စာဖတ်ခြင်း၊ ကျွန်ုပ်အနှစ်သက်ဆုံးစာအုပ်တစ်အုပ်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူတို့က ဖြေကြားပေးကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက စကားဝိုင်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ရွှေပြည်သာမြို့နယ် စွယ်စုံစက်မှုလုပ်ငန်း သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရွှေပြည်သာ အောက်တိုဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စွယ်စုံစက်မှုလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက အဆိုပါအသင်းရုံးခန်း၌ ကျင်းပသည်။

အစည်းအဝေးတွင် စွယ်စုံစက်မှုလုပ်ငန်းသမဝါယမအသင်းလီမိတက်၏ သဘာပတိအဖြစ် ဦးကြာခိုင်က ဆောင်ရွက်၍ အသင်းမှ လက်ရှိဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များက အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြား၍ အတည်ပြုချက်ရယူကာ အသင်းသားများအား လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# တွံတေးခရိုင် အမျိုးသမီးရေးရာ / မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

တွံတေး အောက်တိုဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တွံတေးခရိုင် အမျိုးသမီးရေးရာ/မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာ/ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာတွံတေးခရိုင်အမျိုးသမီးရေးရာ/မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ ရာသက်ပန်အသင်းဝင်များ အသစ်တိုးပွားစေရေး စည်းရုံးဆောင်ရွက်ကြရန်၊ ဘာသာရေး၊ သာသနာရေးကိစ္စရပ်များတွင် တက်တက်ကြွကြွပူးပေါင်းပါဝင်စေရန် ပြောသည်။

ယင်းနောက် တက်ရောက်လာကြသော တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တိုမြို့နယ်တို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မိမိတို့မြို့နယ်အတွင်း စီစဉ်ဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မျိုးလှိုင် (တွံတေး)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ငလျင်ဒဏ်သင့် မန္တလေးမြို့ရှိ မြန်မာဘောလုံးအကယ်ဒမီနှင့် အသစ်တည်ဆောက်လျက်ရှိသည့် အမျိုးသမီးဘောလုံးအကယ်ဒမီတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ သွားရောက်ကြည့်ရှု



ရန်ကုန် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) ဥက္ကဋ္ဌ ဦးဇော်ဇော်သည် မန္တလေးမြို့ရှိ ငလျင်ဒဏ်ခံခဲ့ရသည့် မြန်မာဘောလုံးအကယ်ဒမီ၏ ဖြိုဖျက်ရှင်းလင်းခြင်းနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ၊အသစ်တည်ဆောက်လျက်ရှိသည့် အမျိုးသမီးဘောလုံး အကယ်ဒမီတို့ကို အောက်တိုဘာ ၂၃ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဥက္ကဋ္ဌ ဦးဇော်ဇော်သည် မြန်မာဘောလုံး အကယ်ဒမီ အဆောက်အအုံသစ် အမြန်ဆုံး ပြန်လည် တည်ဆောက်ရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကာ အကယ်ဒမီတွင် တက်ရောက် လျက်ရှိကြသည့် သင်တန်းသားများနှင့် နည်းပြများကို တွေ့ဆုံအားပေးသည်။ ထို့ပြင် ၂၀၂၆ ခုနှစ်တွင် ဖွင့်လှစ်မည့် FIFA Forward 2.0 Programme ဖြင့် ဆောက်လုပ်လျက်ရှိသည့် အမျိုးသမီးဘောလုံးအကယ်ဒမီ၏ တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကာ ၂၀၂၆-၂၀၂၇ စာသင်နှစ်တွင် အမျိုးသမီး ယူ-၁၂/၁၃၊ ယူ-၁၄/၁၅ အသင်းများဖြင့် အချိန်မီစတင်ဖွင့်လှစ်နိုင်ရေး ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီး အမျိုးသမီး ဘောလုံးအကယ်ဒမီ အတွက် လိုအပ်သည့် လေ့ကျင့်ရေးကွင်း နှစ်ကွင်းကို ရောဝတီ ဖောင်ဒေးရှင်းက တည်ဆောက်လှူဒါန်းပေးမည်ဖြစ်သည်။

ယင်းနောက် မန္တလေးတိုင်း ဒေသကြီး ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မန္တလေး ဖူဆယ် ဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လက်ရွေးစင် ဘောလုံးသမား ဟောင်းကြီးများကို တွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု Myanmar Women League ပြိုင်ပွဲဝင် ကလပ်အသင်းသစ် ပေါ်ထွက်လာရေး၊ ဖူဆယ်ပြိုင်ပွဲများ ပိုမိုကျယ်ပြန့်စွာကျင်းပနိုင်ရေးနှင့် ဖူဆယ် လေ့ကျင့်ရေးကွင်း တည်ဆောက် ပေးနိုင်ရေးတို့ကို ထည့်သွင်း ဆွေးနွေးသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် မြန်မာဘောလုံးအကယ်ဒမီတွင် ရောဝတီဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် အန္တရာယ်ရှိ အဆောက်အအုံများ ဖြိုဖျက်ရှင်းလင်းခြင်း အပြင် ၂၀၂၅-၂၀၂၆ စာသင်နှစ်တွင် စဉ်ဆက်မပြတ် ဆက်လက်သင်ကြားနိုင်ရေးအတွက် သင်တန်းသား ၉၀၊ နည်းပြ ၁၀ ဦး နေထိုင်နိုင်မည့် ယာယီအဆောက်အအုံ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ထားရှိကြောင်း သိရသည်။

မောင်စံကြီး

ဓာတ်ပုံ-MFF



# ထန်းတပင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ထန်းတပင် အောက်တိုဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကွင်းအမှတ်(၄၅၅) ဦးပိုင်အမှတ်(၅၂/၅) ရှိ တောင်သူ ဒေါ်သောင်းရီ၏ ဆင်းသုခစပါးမျိုး စိုက်ခင်းတွင် ယနေ့နံနက်ပိုင်းက စံကွက်အရွယ်အစား သုည ဒသမ ၁၀ ဖြင့် မိုးစပါးစံကွက် ရိတ်သိမ်းပွဲ အခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်မောင်လွင်နှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။

ထို့နောက် မိုးစပါးအထွက်နှုန်းစံကွက် သုည ဒသမ ၁၀ ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း အစို ၁၃၂ ဒသမ ၅ တင်း၊ အခြောက် ၁၂၃ ဒသမ ၂ တင်းနှုန်းထွက်ရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြိတ်မြို့နယ်၌ မြစိမ်းရောင်( သမဝါယမကဏ္ဍ) နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့



မြိတ် အောက်တိုဘာ ၂၄

တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့နယ်၌ မြစိမ်းရောင် (သမဝါယမကဏ္ဍ) နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေဖြင့် ဝန်ဖို့ ကျေးရွာရှိ ပေါ်ဆန်းရင်လယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းများမှ အသင်းသား တောင်သူများ စိုက်ပျိုးခဲ့ကြသည့် မိုးစပါးစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့နေမှုကို မြို့နယ် သမဝါယမဦးစီးဌာနက ယမန်နေ့တွင် ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

အသင်းသား တောင်သူ ၅၈ ဦး၏ မျိုးစပါးစိုက်ခင်း ၆၅၅ ဧကတွင် ဆင်းသုခ၊ မှော်ဘီ၊ GW-11 မျိုးစပါး အမျိုးအစားများဖြင့် စိုက်ပျိုးခဲ့ကြပြီး တောင်သူများ၏ မိုးစပါး ရိတ်သိမ်းခြွေလှေ့နေမှုကို မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စမ်းစမ်းမိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်း ကြည့်ရှုအားပေးကြသည်။

မြိတ်မြို့နယ်၌ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမ အသင်းခြောက်သင်းမှ အသင်းသား တောင်သူ ၁၅၃ ဦးသည် မြစိမ်းရောင်(သမဝါယမကဏ္ဍ) နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါး ၁၅၇၄ ဧကစိုက်ပျိုးထားရှိပြီး သမဝါယမကဏ္ဍမှ ပန်းတိုင်အထွက်နှုန်း တိုးတက်လာစေရန်နှင့် တစ်ဧက အထွက်နှုန်းများ တိုးစေရန် မြို့နယ် သမဝါယမဦးစီးဌာနမှ အသင်းသား တောင်သူများအား ကျပ် ၃၁၄ ဒသမ ၈ သန်းနှင့် ညီမျှသော သွင်းအားစုများကို ပေးအပ်ထားရှိကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

# ကော့သောင်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



ကော့သောင်း အောက်တိုဘာ ၂၄

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့၌ ကော့သောင်း ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက စက်သုံးဆီဆိုင်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံနှင့် လူအများ စုဝေးအသုံးပြုသည့် အဆောက်အအုံများအပြင် မီးဘေး အန္တရာယ်စိုးရိမ်ရသော လုပ်ငန်းများအလိုက် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက် Fire Safety Certificate ရရှိစေရေးနှင့် မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး အတွက် ယမန်နေ့က (၂)မိုင်ဆီဆိုင်နှင့် ပင်ကင်းဟိုတယ်တို့သို့ သွားရောက် ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စက်သုံးဆီဆိုင်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံနှင့် လူအများစုဝေး အသုံးပြုသည့် အဆောက်အအုံများအပြင် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းများအလိုက် မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိမှုအခြေအနေများကို စစ်ဆေးခဲ့ပြီး အရေးပေါ် မီးဘေးအန္တရာယ်ဖြစ်ပေါ်ပါက မီးကိုစနစ်တကျ ငြိမ်းသတ်ရမည့် နည်းလမ်းများကို အသိပညာပေး ရှင်းလင်းပြောကြား၍ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် Fire Safety Certificate ရရှိစေရေး အကြံပြုချက်များ ဆောင်ရွက်ထားရှိမှု အပေါ် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ကြည့်မြင်တိုင်မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူးဦးကိုကိုလတ်ဦးဆောင်၍ မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ဇာဖြူသွေး၊ မြို့နယ်လျှပ်စစ်ဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယအုပ်ချုပ်ရေးမှူးဦးစိုးသန့်တို့နှင့်အတူ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကမ်းနားလမ်းရှိ စားသုံးဆီသိုလှောင်ကန်နှင့် ဆီသားထုပ်ပိုးစက်ရုံခြောက်ရုံအား မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများကို စစ်ဆေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

❖ AFC မှ

အမှတ်အများဆုံး နှစ်သင်းစီ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ကာ အနောက်အာရှဇုန် အုပ်စုသုံးခုတွင် အမှတ်အများဆုံး ထိပ်ဆုံးတစ်သင်းစီနှင့် အကောင်းဆုံး အုပ်စုဒုတိယနေရာရ တစ်သင်း ကွာတားဖိုင်နယ် တက်ရောက်ခွင့် ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းပါဝင် သည့် အုပ်စု (E) ပွဲစဉ်များကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁ ရက် အထိ ပြုလုပ်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပွဲများ အဖြစ် အောက်တိုဘာ ၂၆ ရက်တွင် တိုင်နန်စီးတီးအသင်း၊ အောက်တိုဘာ ၂၉ ရက်တွင် ဖနွမ်းပင်ခရောင်းအသင်း၊ နိုဝင်ဘာ ၁ ရက်တွင် ဒီဝါယူနိုက်တက်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ယင်းပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး ပြီးခဲ့သည့်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့သည်။ ယခုရာသီတွင် မြန်မာကလပ်နှစ်သင်း ယှဉ်ပြိုင်ခွင့်ရရှိပြီး ရှမ်းယူနိုက်တက်အသင်းက အုပ်စုအဆင့်မှ စတင်ယှဉ်ပြိုင်ခွင့်ရသော်လည်း ရန်ကုန်ယူနိုက်တက်အသင်းမှာမူ ခြေစစ်ပွဲအဆင့်မှ ကစားရကာ လာအိုကလပ် Ezra အသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် အရေးနိမ့်ပြီး ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။

သတင်း-ကိုညီလေး

ဓာတ်ပုံ-စိုးညွန့်သော်

# လျှပ်စစ်သုံးယာဉ်များနှင့် လျှပ်စစ်သုံးဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Kan Bo Motorcycle Industrial Co.,Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KENBO အမျိုးအစား လျှပ်စစ်သုံးဆိုင်ကယ်များ၊ PMPG – EV Myanmar Trading Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Volkswagen ID4 Crozz Pro အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် T&Z Finance Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Sealion 07 လျှပ်စစ်သုံး ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်နှင့် MSMEs ဈေးရောင်းပွဲတော်များကို ပါဝင်ဆင်နွှဲနိုင်ရေး ဖိတ်ခေါ်ခြင်း

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ၁၃၈၇ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုတန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံပွဲတော်နှင့် MSMEs ဈေးရောင်းပွဲတော်အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့က စတင်ပြီး နိုဝင်ဘာလ (၁၀)ရက်နေ့အထိ ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီမြတ်ကြီး၏ ရင်ပြင်နှင့် ယာဉ်ရပ်နားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ပွဲတော်ရက်အတွင်း အရောင်းဆိုင်ခန်းများအပြင် နိုဝင်ဘာလ (၃)ရက်နေ့နှင့် (၄)ရက်နေ့တို့တွင် ပွဲတော်လာ ဧည့်ပရိသတ် (၁၅၀၀၀)ဦးစာအား စတုဒိသာကျွေးမွေးမှုများ၊ နိုဝင်ဘာလ (၃)ရက်နေ့မှ (၅)ရက်နေ့အထိ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ စင်တင်တေးဂီတ ဖျော်ဖြေမှုများ၊ ညနေပိုင်းတွင် အလှလွှတ်အရုပ်မီးပုံးပျံလွှတ်တင်မှုများ၊ ညပိုင်းတွင် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများ၊ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရားစေတီများတွင် ဆီမီး (၁၀၀၀၀)စီ ထွန်းညှိပူဇော်ခြင်း၊ မီးအလှဆင်အရုပ်များနှင့် ရောင်စုံမီးပုံးများ ချိတ်ဆွဲပြသထားမှုများ၊ လိပ်ပြာကန်နှင့်ကျုံးအတွင်း မီးမျှောပူဇော်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိဘပြည်သူများအနေဖြင့် မည်သူမဆို လွတ်လပ်ပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲနိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်။

**ပွဲတော်ဖြစ်မြောက်ရေးဦးစီးကော်မတီ**

## ဦးဇော်ဝင်းနှင့် ဒေါ်ကြူကြူမာတို့၏ကြေညာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

(၉-၁၀-၂၀၂၅)ရက်စွဲဖြင့် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၇)ပါ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ရန်ပြေ(၅)လမ်း(အနောက်)၊ အမှတ် (၁၀၆၇)၊ (မြေညီ)တိုက်ခန်းနေ ဦးဇော်ဝင်းနှင့် ဒေါ်ကြူကြူမာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးခင်မောင်ကျော် (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၆၇)မှ ကြေညာချက်သည် လုံးဝမှန်ကန်မှုမရှိပါကြောင်း ဒေါ်မေဇင်နု [၁၄/ဟသတ(နိုင်) ၃၄၂၂၇၉]၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်တို့မိတ်ဆွေအနေဖြင့် ဦးစွာအသိပေးကြေညာ ငြင်းဆိုအပ်ပါသည်။

(၉-၉-၂၀၂၀)နေ့စွဲဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ကနောင်စုရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၃၅၉)ဟုခေါ်တွင်သော အလျား x အနံ (၁၀' x ၄၀')ရှိ မြေကွက်နှင့် (၃-၈-၂၀၂၁)ရက်စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ရန်ပြေ(၅)လမ်း(အနောက်)၊ အမှတ် (၁၀၆၇)၊ (၄-လွှာ)တိုက်ခန်းနှင့် (၈-၁၁-၂၀၂၄)နေ့စွဲဖြင့် Nissan March (9H/1026) (အစိမ်းရောင်)မော်တော်ယာဉ်တို့သည် ကျွန်ုပ်မိတ်ဆွေ ဒေါ်မေဇင်နုပိုင်ဆိုင်သောပစ္စည်းများဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်း ဦးဇော်မျိုးသန့်ကွယ်လွန်ခဲ့ပြီးနောက် အထက်ပါပစ္စည်းများသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်မေဇင်နုနှင့် ၎င်းသမီးဖြစ်သူ မမေဂျူလိုင်မျိုးတို့နှင့် သက်ဆိုင်သောပစ္စည်းများဖြစ်ပါကြောင်း၊ အထက်ပါပစ္စည်းများ ပိုင်ဆိုင်မှုစာချုပ်တွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မေဇင်နုက ဝယ်ယူထားသောပစ္စည်းများဖြစ်၍ ဦးဇော်ဝင်းနှင့် ဒေါ်ကြူကြူမာတို့သည် ပူးတွဲအမွေဆက်ခံပိုင်ဆိုင်သူများ မဟုတ်ကြောင်း အတိအလင်းကြေညာအပ်ပါသည်။

အဆိုပါ (၉-၁၀-၂၀၂၅)ရက်စွဲပါ ကျွန်ုပ်တို့၏မိတ်ဆွေနှင့်ပတ်သက်သည့် သတင်းစာကြော်ငြာအား (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာ၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ တရားဝင်ဝန်ချတောင်းပန်ပါရန် ကျွန်ုပ်တို့အနေဖြင့် လေးနက်စွာတောင်းဆိုကြေညာအပ်ပါသည်။

အထက်အပိုဒ်(၂)ပါပစ္စည်းများသည် ကျွန်ုပ်မိတ်ဆွေနှင့် ၎င်းခင်ပွန်းအမည်ဖြင့် ချုပ်ဆိုထားသောစာချုပ်များဖြစ်ပါသဖြင့် အထက်ပါပစ္စည်းများကို မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းများ၊ တရားဝင်လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ ထိုသို့ပြုလုပ်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေး ကြေညာအပ်ပါသည်။

**ဒေါ်မေဇင်နု၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကေသီအေး LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၃၄/၁၄)**
**အမှတ်-၁၅၀၊ မြေညီ၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၁၉၁၅၊ ၀၉-၇၉၅၅၃၃၅၀၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄- အိပ်ချ်)၊ မြေကွက်အမှတ် (၁-အေ)၊ (၀.၀၄၃)ဧက၊ မြေကွက်တည်နေရာအမှတ်(၁/အေ)၊ ဝေဇယန္တာရိပ်မွန်အိမ်ရာ၊ ရိပ်သာ(၁)လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ (၁)ဦးလှဦး [၁၂/မရက(နိုင်)၀၈၄၄၃၃]၊ (၂)ဒေါ်ခင်စမ်းမေ(ခ)ဒေါ်စန်းရင်မေ[၁၂/မရက(နိုင်)၀၇၀၄၈၀]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးလှဦး၊ ဒေါ်ခင်စမ်းမေ(ခ)ဒေါ်စန်းရင်မေတို့ (၂)ဦးအနက် အမည်ပေါက်(၁)ဦးဖြစ်သူ ဦးလှဦး ခင်ပွန်း(၃၁-၁၀-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်စမ်းမေ(ခ) ဒေါ်စန်းရင်မေ [၁၂/မရက(နိုင်)၀၇၀၄၈၀]မှ ခင်ပွန်းဖြစ်သူ ဦးလှဦး၏ ပိုင်ဆိုင်ခွင့်အစုအား တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ (၃-၉-၂၀၂၅)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဂရန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သဃ်ၤန်းကျွန်းမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၀

| | | |
|---|---|---|
| ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ( ၎င်း၏ကိုယ်စားပြုသူ လက်ထောက်မန်နေဂျာ ဒေါ်သင်းသင်းခိုင်) | နှင့် | ၁။ ဒေါ်ဇင်မင်းသိမ့်<br>၂။ ဦးအတာထွန်း |
| (တရားလို) | | (တရားပြိုင်များ) |

**ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ညာတိလမ်းနှင့် လုပ်သားလမ်းထောင့်၊ အမှတ်-၁၅၅၊ ပထမထပ်(ဘီ)ရပ်နေ ဒေါ်ဇင်မင်းသိမ့်နှင့် ဦးအတာထွန်း (ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **တရားမကျင့်ထုံးဥပဒေအမိန့်-၃၄၊ နည်းဥပဒေ-၃ အရ အပေါင်ပစ္စည်းအား ထုခွဲရောင်းချပေးစေလိုမှု (အပေါင်ဒီကရီရလိုမှု)** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက်)နေ့ မွန်းမတည့်မီ (၁၁:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)စာမှတ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နေမျိုးအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သဃ်ၤန်းကျွန်းမြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

ဦးတင်စိုးထွန်း (ပိုင်) ထက်နေထွန်း-၁၁၀၂၀ ၏ လိုင်စင်ကြီးနှင့် (c)လိုင်စင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၁၄၉၀၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/မြောက်၊ မြေကွက်အမှတ်(၁၁၈၄/ခ)၊ ဧရိယာ(၂၀x၆၀)ပေ၊ မြေကွက်တည်နေရာအမှတ်(၁၁၈၄/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစောလှဖြူ [၁၂/သကတ(နိုင်)၁၁၉၅၄၃]၊ ဒေါ်ခင်စောကြူ [၁၂/သကတ(နိုင်)၁၁၉၂၈၆]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးစောလှဖြူ (ဖခင်)နှင့် ဒေါ်ခင်စောကြူ (မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးကျော်စံဦး [၁၃/လလန(နိုင်)၀၀၃၁၀၈]၊ ဦးကျော်စံထူး [၁၃/လလန(နိုင်)၀၀၃၁၀၇]တို့မှ မိမိတို့ညီအစ်ကို(၂)ဦးတည်းကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျိန်ဆိုထားသည့် ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးစောလှဖြူ (ဖခင်)နှင့် ဒေါ်ခင်စောကြူ (မိခင်)တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဗဟန်းမြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂

| | | |
|---|---|---|
| ဦးစိုးဝင်းပါ -၂ | နှင့် | ၁။ ဒေါ်ခင်ချောချော<br>၂။ ဦးတင်မောင်ဦး<br>၃။ဒေါ်ခင်မာဇင်<br>၄။ဦးတင်မောင်ဌေး<br>၅။ဒေါ်နွယ်နီနိုင် |
| (တရားလို) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ အနောက်ဈေးဟောင်းလမ်း၊ အမှတ်(၇၅)နေ ဒေါ်ခင်ချောချောပါ ၅-ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မြေနှင့်အိမ်မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ(၇)ရက်နေ့ (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။

သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးနိုင်ချမ်း)**
**မြို့နယ်တရားသူကြီး**
**ဗဟန်းမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၁၃)၊ ဦးပိုင်အမှတ် (၈)/ ၆၃x၆၄ လမ်းကြား ၊ ၁၂၉x၁၃၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှနှင်း [၉/မနမ(နိုင်)၀၃၃၇၈၂]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၉၉/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကိုကိုလတ် [၁၃/လရန(နိုင်)၁၃၂၈၆၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဆ-ရပ်ကွက်၊ အကွက်အမှတ် ၁၁-၁၃၊ ဦးပိုင်အမှတ်-(၁၈)/ ၆၃x၆၄ လမ်းကြား၊ ၁၂၉x ၁၃၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးချစ်ဟန် [၉/မနမ(နိုင်)၀၄၉၉၂၀]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၉၈/၂၀၂၁)ဖြင့်လွှဲအပ်ခြင်းခံရသူ ဦးကိုကိုလတ် [၁၃/လရန(နိုင်)၁၃၂၈၆၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ၊ အမှတ်(၁)ရပ်ကွက်၊ ပတ်လမ်း၊ ဒုအရာခံဗိုလ် အေးမောင်အမည်ပေါက် (ပေ ၈၀ x ၁၀၀) ပေရှိသည့် ခြံမြေကွက်နှင့် ယင်းခြံမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိထားပိုင်ဆိုင်သူ အမည်ပေါက် ဒုအရာခံဗိုလ် အေးမောင် (ဘ) ဦးအောင်သိန်း [၁၂/ဗဟန(နိုင်)၀၃၉၉၈၅]၏ သားသမီးများဖြစ်ကြသော (၁)ဒေါ်စန်းစန်းအေး၊ (၂) ဦးသန့်စင်၊ (၃) ဒေါ်အေးအေးသန်း၊ (၄) ဒေါ်ဝါဝါဝင်းတို့ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော သက်သေ အထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်မင်းမင်း (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်–၃၆၉၆၃/၂၀၁၁)**
**အမှတ်(၁၃)ဘီ၊ ပိတောက်ပင်လမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၉၅၇၉၀၀၂၄၊ ၀၉–၅၀၈၈၄၅၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၈၈၅)၊ မြေကွက်တည်နေရာ အမှတ်(၈၈၅)၊ ကျောက်စိမ်း (၈)လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးငွေသန်း(PGN – ၀၄၀၀၈၇) အမည်ပေါက်၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးငွေသန်း (PGN – ၀၄၀၀၈၇)အား (တရားပြိုင်) ထားကာ ဒေါ်ဆွေဇင်ဝင်းမှ (တရားလို)ပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌ တရားမကြီးမှုအမှတ်(၈၄/၂၀၂၅) ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၁၅ – ၅ –၂၀၂၅)ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့်တရားမဇာရီမှုအမှတ်(၈၇/၂၀၂၅)တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင် [၁၃/တကန(နိုင်)၀၀၃၄၁၉] မှ တရားရုံးအမိန့်များ၊ (၂၆–၅–၂၀၂၅)ရက်စွဲပါ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၈၅၁)၊ မြေကွက်တည်နေရာအမှတ် (၈၅၁)၊ ကျော်သူ(၂၂)လမ်း၊(၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်သိန်းရှင်၊ ဒေါ်အုန်းကြည် အမည်ပေါက် နှစ်(၆၀) မြေ၊ ဧရိယာ(၄၀x၆၀)ပေအကျယ်အဝန်းရှိ မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် (၂၂x၆၀)ပေရှိ မြေကွက်အား ဒေါ်သန်းသန်းယုမှတရားလိုပြုလုပ်၍ ဦးမြင့်ရွှေ၊ ဒေါ်သိန်းရှင်တို့ကို တရားပြိုင်ထားကာ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုခဲ့သော ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတရားမကြီးမှုအမှတ်–၄၀၆/၂၀၁၂၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်–၁၂၉/၂၀၂၃၏ အမိန့်အရ တရားရုံး ကိုယ်စားဘီလစ် ဒေါ်မင်းမင်းကြိုင်မှ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်၊ ဝန်ဆောင်ခတို့ တင်ပြ၍ Portion အရောင်းမြေပုံကူးလျှောက်ထားလာရာ မြေစာရင်း မှတ်ချက်(၁)ရှိ ဘီလစ်ဒေါ်မင်းမင်းကြိုင်မှ အရောင်းမြေပုံလျှောက်ထားခြင်း၊ မြေစာရင်းမှတ်ချက်(၂)နှင့်(၃)ရှိ ဘီလစ် ဒေါ်နန့်ဆန်းသိန်းမှ အရောင်းမြေပုံလျှောက်ထားခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပေးရန်အတွက် လျှောက်ထားသူထံ ၆–၅–၂၀၂၄ရက်နေ့တွင် အကြောင်းကြားခဲ့ရာ လာရောက်တင်ပြနိုင်ခြင်းမရှိသဖြင့် ထပ်မံအကြောင်းကြားခဲ့ရာ လျှောက်ထားသူမှ ဌာနဝင်စာအမှတ်–၁၅၀၀၄/၅–၁၂–၂၀၂၄ရက်စွဲပါစာဖြင့် မြေစာရင်းမှတ်ချက်(၁)ရှိ၂၀၁၄ခုနှစ် ဘီလစ်ဒေါ်မင်းမင်းကြိုင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံကူးလျှောက်ထားခြင်းနှင့် ပတ်သက်၍ တောင်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်–(၈၅၁)၏ အမည်ပေါက် ဒေါ်သိန်းရှင်၊ ဒေါ်အုန်းကြည်တို့ ပိုင်ဆိုင်သည့်(၄၀x ၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်မှတရားဝင်မခွဲ မစိတ်ရသေးသည့်(၂၂x ၆၀)ပေရှိ မြေကွက်အား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်–၄၀၆/၂၀၁၂၊ တရားမဇာရီမှုအမှတ်–၁၂၉/၂၀၂၃ အရတရားရုံး ဒေါ်သိန်းရှင်နှင့် ဦးမြင့်ရွှေတို့၏ကိုယ်စား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ဘီလစ် ဒေါ်မင်းမင်းကြိုင်မှ၂၀၁၄ခုနှစ်တွင် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက် အရောင်းမြေပုံကူးလျှောက်ထားနေစဉ်အတွင်း တရားမဇာရီမှုအမှတ်–၁၅၃/၂၀၁၃အား မည်သူမျှလာရောက်ခြင်းမရှိသဖြင့် အမှုတွဲပိတ်သိမ်းသည်ဟု တရားရုံးမှအမိန့်ချမှတ်ခဲ့ပြီး တရားနိုင် ဒေါ်သန်းသန်းယုမှလည်း လုပ်ငန်းကိစ္စဖြင့် နိုင်ငံခြားတိုင်းပြည်သို့ သွားရောက်လုပ်ကိုင်ခဲ့ရာ ဘီလစ် ဒေါ်မင်းမင်းကြိုင် လျှောက်ထားခဲ့သည့် အရောင်းမြေပုံအား ထုတ်ယူခဲ့ခြင်းမရှိပါ။ မြေစာရင်းမှတ်ချက်(၂)ရှိ ၂၀၂၁ ခုနှစ်၊ တောင်ဥက္ကလာပမြို့နယ် တရားရုံးဘီလစ် ဒေါ်နန့်ဆန်းသိန်းမှ အရောင်းမြေပုံလျှောက်ထားခဲ့ခြင်းနှင့် ပတ်သက်၍ တောင်ဥက္ကလာပမြို့နယ်၊ တရားရုံး တရားမကြီးမှုအမှတ် ၆/၂၀၂၁၊ တရားမဇာရီမှုအမှတ်–၁၄/၂၀၂၁အရ အရောင်းမြေပုံလျှောက်ထားခြင်းအား ၁–၁၂–၂၀၂၂ ရက်နေ့တွင် ရှင်းလင်းတင်ပြပြီး တရားမဇာရီမှုအမှတ်–၁၄/၂၀၂၁ကိုလည်း တောင်ဥက္ကလာပမြို့နယ်တရားရုံးတွင် အမှုတွဲပိတ်သိမ်းခဲ့ပါသည်။ မြေစာရင်းမှတ်ချက်(၃)ရှိ ၂၀၂၂ခုနှစ် တောင်ဥက္ကလာပမြို့နယ် တရားရုံးဘီလစ် ဒေါ်နန့်ဆန်းသိန်း အရောင်းမြေပုံကူးလျှောက်ထားခဲ့ခြင်းအား တောင်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်– ၆/၂၀၂၂တွင် ချမှတ်သည့်စီရင်ချက်နှင့်ဒီကရီအပေါ် ဥပဒေနှင့်ညီညွတ်ခြင်းရှိမရှိ သင်္ဃန်းကျွန်းခရိုင်တရားရုံးတရားမပြင်ဆင်မှုအမှတ်–၇(က)/၂၀၂၂ဖြင့် လက်ခံစစ်ဆေးခဲ့ရာ စီရင်ချက်နှင့် ဒီကရီအားပယ်ဖျက်ရန် အမိန့်ချမှတ်ခဲ့ပြီးဖြစ်သဖြင့် တောင်ဥက္ကလာပမြို့နယ်တရားရုံးမှ ဘီလစ်ဒေါ်နန့်ဆန်းသိန်း(၂၄–၈–၂၀၂၃)ရက်နေ့တွင် အရောင်းမြေပုံလျှောက်ထားခြင်းအား ပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြလာပါသဖြင့် တရားရုံးကိုယ်စား ဘီလစ် ဒေါ်မေသူအောင် [၁၂/မဂတ(နိုင်)၁၀၇၃၅၁]မှ ဘီလစ်ခန့်စာ၊ တရားရုံးအထောက်အထားများ၊ ဂရန်၊ နိုင်/ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ Portion အရောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၈)၊ မြေကွက်အမှတ်(၁၇)၊ ဧရိယာအကျယ်အဝန်း(၀. ၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေ အလျား(၄၀)ပေ၊ အနံ(၆၀)ပေကျယ်ဝန်းသောနှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၈) ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အမှတ်(၁၇)ဟုခေါ်တွင်သည့် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် ပတ်သက်ဆက်နွှယ် လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့၏ တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဦးနေလင်းဦး [၁၂/မရက(နိုင်)၁၆၁၈၉၅] နှင့်ဒေါ်စိမ့်စန္ဒာယု [၁၂/ဒဂရ(နိုင်)၀၀၃၂၃၉]ထံမှ လွှဲပြောင်းဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းနိုင်ထွန်း(ဘ) ဦးမောင်မောင် [၁၂/ဒဂရ(နိုင်)၀၃၄၂၆၆] ထံမှ တရားဝင်ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၀၀၇)**
**ကွန်ဒို(ဘီ)၊အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉–၆၉ ၅၁၀၂၉၃၀၊ ၀၉–၇၉ ၅၇၃၀၉၅၁**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း ”

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ဦးထွန်းငြိမ်းလမ်း၊ Diamond Inya Palace Condo၊ Room Type(B4–4)၊ အခန်းအမှတ်(16–05))၊ Level–(16)၊ အကျယ်အဝန်း (1955)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကာ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်လျူရဲ့ယုံ [၁၃/လကန(နိုင်) ၀၂၈၆၃၈] သည် ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ ယင်းတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နေခြည်ဦး LL.B, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၂၃/၂၀၁၇)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၀/၁၂)၊ မြေညီထပ်၊ ၃၅လမ်း(အောက်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၂၀၁၀၇၅၁၁၊ ၀၉–၇၇၇၈၄၅၈၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၈/မြခွာညိုအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်(၃)၊ ဧရိယာ(၀.၁၂၃) ဧက၊ မြေကွက်တည်နေရာအမှတ်(၃)၊ မြခွာညိုအိမ်ရာ၊ စံပယ်လမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကျော်နိုင် (PZDG–၀၀၈၈၈၁)အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား တရားနိုင် ဧရာဝတီဘဏ်လီမိတက် (၎င်းကိုယ်စား အကြီးတန်းမန်နေဂျာ ဒေါ်နုနုကြည်) မှတရားရုံး Best Auto Company Limited ၊ ဦးကျော်နိုင်၊ ဒေါ်ဟာစီနာခါတူ၊ ဒေါ်နန်းကျင်ဖေဝင်းတို့အပေါ် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ်– ၂၁၀/၂၀၁၈ ဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၅၅၆/၂၀၁၆ အမှုမှ ဒီကရီအပေါ် အတည်ပြုဆောင်ရွက်ရန် ဖွင့်လှစ်သောအမှုတွင် လေလံတင်ရောင်းချခြင်းကို အတည်ပြုကြောင်း အမိန့်ချမှတ်သည့် (၃၀–၇–၂၀၂၀)ရက်စွဲပါ စီရင်ချက်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ (၁၄–၁၂–၂၀၂၁) ရက်စွဲပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရောင်းသက်သေခံလက်မှတ်၊ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားသည့်အထောက်အထား၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧရာဝတီဘဏ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်(ကိုယ်စား) ဦးဖုန်းနိုင် (အကြီးတန်းမန်နေဂျာ) [၁၂/ရပသ(နိုင်)၀၁၅၀၂၉] အား တာဝန်ပေးအပ်ကြောင်း (၂၉–၈–၂၀၂၄) ရက်စွဲပါ ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်း၊ ကိုယ်စားလှယ်လွှဲစာတို့တင်ပြ၍ အမည်ပြောင်းလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၁၁K၊ မြေကွက်အမှတ်–V ၉၁၊ ဧရိယာ(၀.၀၄၄)ဧက၊ မြေကွက်တည်နေရာအမှတ်–၁၃၊ ကွက်သစ်လမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁။ဒေါ်ခင်စန်း(အန်တီအေ–၁၆၂၉၇၄)၊ ၂။ ဦးထွန်းအောင်(စီအက်ဖ်–၀၇၄၃၁၃) အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်(ဂရန်သက်ကုန်) မြေအား အမည်ပေါက် ဒေါ်ခင်စန်း၊ ဦးထွန်းအောင်တို့မှ ဂရန်မူရင်းတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) သက်တမ်းတိုး လျှောက်ထားလာရာ မြို့မြေစာရင်း မြေရာဇဝင်မှတ်ချက်(၂)(၁၉၈၀)ခုနှစ်တွင် ဒေါ်ခင်စန်းမှ မြေပုံကူးလျှောက်ဟု မှတ်သားထားခြင်းနှင့် ပတ်သက်၍ (၁၉၈၀) ခုနှစ်တွင် အဆောက်အဦ ဆောက်လုပ်ရန်အတွက် မြေပုံကူးလျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ မြေရာဇဝင်မူရင်းမှာအထားအသိမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ မြေရာဇဝင်မှတ်ချက်(၄)(၁၉၉၇)ခုနှစ် ဦးထွန်းအောင်မှ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားသော မှတ်ချက်နှင့်ပတ်သက်၍ YOMA BANK တွင် ဘဏ်ငွေချေးယူခဲ့ပြီး၊ အဆိုပါ ဘဏ်ချေးငွေများအား ဘဏ်သို့ကြွေးကျန် လုံးဝမရှိစေဘဲ အတိုးအရင်းပြေကျေစွာ ပြန်လည်ပေးဆပ်ခဲ့ပြီးဖြစ်ပါကြောင်း အဆိုပါ ဘဏ်ငွေချေးရန်မြေပုံမြေရာဇဝင် မူရင်းမှာအထားအသိမှားယွင်းကာပျောက်ဆုံးသွားပါကြောင်း နှစ်(၉၀)ဂရန်မူရင်းမှာလည်း မိမိလက်ဝယ်ရှိပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက မိမိတို့ကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ ပူးတွဲ၍ ၂၉–၈–၂၀၂၅ ရက်စွဲပါစာဖြင့် ဝန်ခံကတိပြုရှင်းလင်းတင်ပြ၍ ဂရန်သက်တမ်းတိုးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ် (၄၆၉)၊ (၄၀ x ၆၀)ပေရှိ ဦးမြညွန့် (ISN– ၄၅၉၇၇၅) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းအေး [၁၂/သဃက(နိုင်)၂၀၀၅၂၈] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသန်းစိုး [၁၁/မပတ(နိုင်)၀၅၃၅၀၉]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်ဇေယျာထွန်း (LL.B)** | **ဦးမိုးဆက် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၇၂၁၃)** | **အထက်တန်းရှေ့နေ (စဉ်–၂၉၄၂၆)** |

**အမှတ် (၁)၊ Shop House အိမ်ရာ၊ (၉၁) ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉– ၄၂၀၀၄၄၀၃၂၊ ၀၉–၇၆၄၂၄၄၀၃၂**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ အမှတ်(၇)ပထမထပ်နေ မှတ်ပုံတင်အမှတ် [၁၃/နမတ(နိုင်)၀၃၆၂၀၂] ကိုင်ဆောင်သူ ဦးသန့်ဇင်အောင်(ခေတ္တစင်ကာပူ) (ဘ)ဦးအောင်ဝင်း နှင့် မှတ်ပုံတင်အမှတ် [၇/ညလပ(နိုင်)၀၉၂၆၄၇] ကိုင်ဆောင်သူ ဒေါ်မိုးသဉ္ဇာကို(ခေတ္တဖိလစ်ပိုင်) (ဘ) ဦးတင်ငွေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန့်ဇင်အောင်နှင့် ဒေါ်မိုးသဉ္ဇာကိုတို့သည် တရားဝင်အကြင်လင်မယားဖြစ်ကြပြီး မသွန်းသော်တာအောင်နှင့် မကြိုးကြာကို ဟူသောသမီးနှစ်ဦး ထွန်းကားခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေတို့၏ မိသားစုနှင့်ပတ်သက်၍ Social media တွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ပြောဆိုခြင်းများ၊ မဟုတ်မမှန် လီဆယ်ပြောဆိုခြင်းများ မပြုလုပ်ပါရန်၊ ကိုယ်ရေးကိုယ်တာကိစ္စများလည်း ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ပြောဆိုခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူမည်သူမဆိုအား တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးသန့်ဇင်အောင်** | **ဒေါ်ဝေမျိုးသစ်(LL.B)** |
| **[၁၃/နမတ(နိုင်)၀၃၆၂၀၂]** | **အထက်တန်းရှေ့နေ (စဉ် – ၅၂၇၈၇)(၂၇–၄–၂၀၂၀)** |
| **ဒေါ်မိုးသဉ္ဇာကို** | **အမှတ်(၄၂)၊အောင်ချမ်းသာလမ်း၊နွယ်အေးရပ်ကွက်** |
| **[၇/ညလပ(နိုင်)၀၉၂၆၄၇]** | **ဒေါပုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ 09–781386571** |

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကျင်သိန်း၏ သား မောင်အောင်ရဲကျော် [၁၄/မအပ(နိုင်)၂၇၀၁၉၃]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၆၆၇၀၁၈၂၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈–ခ/၀၀–၁၀)၊ ဦးပိုင်အမှတ်(၆၅)၊ ၆၈x၆၉လမ်းကြား၊ ၁၄၃x၁၄၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်မောင်သန်း [၉/ညဥန (နိုင်)၀၀၆၆၉၄]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် (ညည–၉)၊ ဦးပိုင်အမှတ်(၃၈)၊ ၆၁x ၆၂လမ်းကြား၊ ၁၂၂x ၁၂၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်သားမြင့်သိန်း [၉/မနမ(နိုင်)၀၈၄၇၅၇]၊ (WLT–၁၁၆၁၇၁)၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၈၉၆၅/ ၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇေယျာထွန်း [၈/ရနခ(နိုင်)၀၉၀၂၉၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရွှေနံ့သာစံပြ)၊ မြေကွက်အမှတ်(၈)၊ (၂၀၀၀၀)စတုရန်းပေ အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၈)၊ အင်ကြင်းလမ်း၊ ရွှေနံ့သာစံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သီတာစိုး (ဘ) ဦးစိုးညွန့် (၁၂/ဥကတ(နိုင်)၁၂၄၀၃၁)၊ အမွေဆက်ခံပိုင်ဆိုင်သူဦးအောင်နိုင်(ဘ)ဦးလု(စ)ကာဟိုး(၁၂/ဥကတ(နိုင်)၁၂၄၅၇၂)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် (၂၃–၁၀–၂၀၂၅)ရက်နေ့က ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်၊ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစင်မောင်ချို(စဉ်–၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉–၄၃၀၈၈၅၄၉

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၁၊ မြေကွက်အမှတ် –၃၅၀၊ ဧရိယာ ၀.၀၆၂ ဧကရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေ မှတ်တမ်းတွင် ဒေါ်ကျန်လင်ဂျီ (ဘ) ဦးကျန်ကွေရှင်း [၁၃/ကခန(နိုင်)၀၁၉၆၇၈] အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀)မြေငှားဂရန် မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့် တကွ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ကျန်လင်ဂျီ တစ်ဦးတည်းကသာ ဥပဒေနှင့်အညီ ယနေ့တိုင် တရားဝင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်စသည့် အခွင့်အရေးအရပ်ရပ်ရှိကြောင်း၊ မည်သည့်အနှောင့်အယှက်နှင့် ပြဿနာအရှုပ်အထွေး တစ်စုံတစ်ရာမျှမရှိပါကြောင်း ဝန်ခံအဆိုပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံ ယင်းမြေကွက်နှင့် အခွင့်အရေးအရပ်ရပ်တို့ကို တန်ဖိုးငွေတစ်ရပ်သတ်မှတ်၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချလိုကြောင်း အဆိုပြု ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေကလည်း လက်ခံသဘောတူခဲ့ပြီးဖြစ်၍ တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ အထက်ဖော်ပြပါမြေကွက်နှင့်တကွ ယင်းနှင့်ပတ်သက်သည့် ပိုင်ရေးဆိုင်ခွင့်၊ အကျိုးသက်ဆိုင်ခွင့် တို့နှင့် ပတ်သက်၍ ဥပဒေအရလုံလောက်သော အကြောင်းတစ်ရပ်ရပ်ကြောင့် အရောင်းအဝယ်ကို ဟန့်တားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်း၊ စာချုပ်စာတမ်းများနှင့်တကွ လူကိုယ်တိုင်ဖြစ်စေ၊ အခြားထိရောက်သည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၀)ရက်အတွင်း ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက ဤအအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆုံးခန်းတိုင်အောင် ကျွန်ုပ်မိတ်ဆွေ၏ အကျိုးအလို့ငှာ ဆက်လက်ဆောင်ရွက်လိမ့်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဦးရဲသော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၄၃၉)**
**အခန်း(၃၀၂)၊ တိုက်အမှတ်–(A–2)၊ ရတနာအိမ်ရာ၊ ရတနာလမ်း၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09–253025069,09–964555099**

## “ကန့်ကွက်နိုင်ကြောင်းကြော်ငြာ”

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၂၊ မြေကွက်အမှတ်–၄၀၅၊ မြေကွက်တည်နေရာအမှတ်–၄၀၅၊ အေးမြသာယာလမ်း၊ (၃၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးလှထွန်း HZA – 213407အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မြေအား မြေအမည်ပေါက် ဦးလှထွန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ဆန်းမြင့်ဦး (ခ) ဆန်းမြင့်အောင် [၁၂/ပဇတ (နိုင်) ၀၀၂၃၆၀] မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြား သော ဇနီးမယားတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ၎င်းသာလျှင် တရားဝင် အမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံ ပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ် (၆၀)မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၂၄-၁၀-၂၀၂၅** ရက်နေ့မှ စတင်၍ **၁၈-၁-၂၀၂၆** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်မွေး(၁)ရပ်ကွက်၊ လေးထောင့်ကန်၊ ငထင်ငယ်လမ်းသွယ်(၂)၊ မြေတိုင်းအမှတ် (၁/၃)၊ မြေကွက်အမှတ် (၉၉)၊ အိမ်အမှတ်(၃/၃/၁၈)ရှိ ဦးလှထွန်း အမည်ပေါက်(အလျား ၈၀ ပေ အနံ ၁၂၀ ပေ) ရှိ နှစ်(၆၀)ဂရန်မြေကွက်မှ မခွဲစိတ်ရသေးသော(ခေါင်းရင်းခြမ်း) (အလျား ၂၀ ပေ အနံ ၁၂၀ ပေ)ရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသက်လင်းအောင်[၉/ တသန (နိုင်)၁၄၉၇၇၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း (မူရင်း)အထောက်အထားအပြည့်အစုံနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းဇူလိုင်မြင့်(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၆၅)**
**အမှတ်(၁/၄/၉)၊ စိုက်မွေး(၁)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၅၆၅၃၅၉၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄/က)၊ မြေကွက်အမှတ်(၁/စ)၊ မြေကွက်တည်နေရာအမှတ်(၁/စ)၊ စွန်းလွန်းဂူကျောင်းလမ်းနှင့် သုဒဿန(၂)လမ်း၊ ၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးလှအောင်၊ ဒေါ်ကျင်ဆိုင် အမည်ပေါက် မြေပိုင်မြေ ၃(ခ)မြေအား (ဖခင်) ဦးလှအောင်၊ ဒေါ်ကျင်ဆိုင်တို့ ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၅၅၇/၉၄)ဖြင့် ဦးငွေစိုး၊ ဒေါ်မူမူအောင်၊ ဦးဝင်းအောင်၊ ဒေါ်ခင်မာလင်းတို့မှ ပိုင်ဆိုင်ခဲ့ပြီးနောက် ၎င်းတို့လေးဦးအနက်မှ ဦးဝင်းအောင်သည် (၇-၇-၂၀၁၈)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်ရင်ရင်လှ(ခ) ဒေါ်ဟယ်လင် [၁၂/ရကန(နိုင်)၀၅၈၄၁၁] မှ လည်းကောင်း၊ ပိုင်ဆိုင်သူတစ်ဦးဖြစ်သူ ဒေါ်ခင်မာလင်းသည် (၂၁-၇-၂၀၂၀)ရက်နေ့တွင် လည်းကောင်း၊ ခင်ပွန်းဖြစ်သူဦးမြင့်သန်းသည် (၇-၇-၁၉၉၂) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်ခင်မာလင်း အစုအတွက် ၎င်းတို့၏ သား/သမီးများဖြစ်ကြသော ဒေါ်ယဉ်မွန်အောင် [၁၂/မရက(နိုင်)၁၀၈၀၆၅]၊ ဦးလင်းထွဋ်အောင် [၁၂/မရက(နိုင်)၁၃၅၃၈၀]တို့မှ လည်းကောင်း၊ ဖော်ပြပိုင်ဆိုင်ကြောင်း စာချုပ်ဖြင့်ရရှိသူ ကျန်နှစ်ဦးဖြစ်သူ ဦးငွေစိုး [၁၂/ရကန(နိုင်)၀၅၂၄၃၇] နှင့် ဒေါ်မူမူအောင် [၁၂/ရကန(နိုင်)၀၅၂၃၂၆] တို့နှင့်ပူးတွဲ၍ အမည်ပေါက်တို့၏ သား/သမီး/ ချွေးမ/မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်/ကတ်တို့ကို တင်ပြ၍ ဦးငွေစိုးပါ (၅)ဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းဆင်တိုင်ရပ်ကွက်၊ အကွက်အမှတ်(၃၄၀)၊ ဦးပိုင်အမှတ်-၄/စိန်ပန်းလမ်းမကြီး၊ မဟာစည်လမ်းနှင့် တာရိန်လမ်းကြားရှိ ဦးတော်စီ အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးတော်စီ၊ မိခင် ဒေါ်စောရီ၊ သမီး ဒေါ်စိန်ရင်၊ သမီး ဒေါ်ခင်ညွှန့်နှင့်ခင်ပွန်း ဦးသောင်းတင်၊ သား ဦးခင်မောင်ဝင်း၊ သမီး ဒေါ်ခင်မေရီ၊ သား ဦးခင်မောင်လင်း၊ သား ဦးခင်မောင်သန်း၊ မြေးဒေါ်နေနေသန်း(အပျိုဘဝ)၊ မြေးဦးအောင်စိုးမိုး၊ သားဦးခင်မောင်ဆန်း (လူပျိုဘဝ)၊ သား ဦးခင်မောင်ထွေးတို့ ကွယ်လွန်ပြီး ဒေါ်ခင်မေရီ၏ခင်ပွန်း ဦးဝင်းခိုင်နှင့်သားဖြစ်သူ ဦးထက်ထက်တို့မှ ရဟန်းဘဝသို့ကူးပြောင်းသွားပြီး၊ ဦးခင်မောင်ဝင်း၏သမီးဖြစ်သူ ဒေါ်တင်နွယ်ဝင်းမှာ အမေရိကန်နိုင်ငံသားခံယူခဲ့ပါသဖြင့် ကျန်ရစ်သောသားသမီး၊ အမွေမမီမြေး၊ မြေးချွေးမများဖြစ်ကြသော ဒေါ်ကြည်ကြည် [၉/မနတ(နိုင်)၀၃၄၇၇၇]၊ ဒေါ်ခင်လှမြင့် [၉/မနတ(နိုင်)၀၅၅၇၉၇]၊ ဦးခင်မောင်သင်း [၉/မနတ(နိုင်)၀၅၉၂၁၁]၊ ဦးထွန်းထွန်း [၉/မနတ(နိုင်)၀၆၄၇၄၂]၊ ဦးကိုကိုလတ်[၉/မနတ(နိုင်)၀၆၁၂၉၅]၊ ဦးကိုကိုမြတ်[၁၃/သပန(နိုင်)၀၅၂၃၄၀]၊ ဦးအောင်မြင့်စိုး [၉/မနတ(နိုင်)၀၅၅၇၉၀]၊ ဒေါ်တင်မျိုးသန်း [၉/မနတ(နိုင်)၀၀၂၄၉၃]၊ ဒေါ်ယမင်းသန်း [၉/မနတ(နိုင်)၀၆၆၅၁၄]၊ ဒေါ်ခိုင်မာသန်း[၉/မနတ(နိုင်)၀၉၉၀၇၀]၊ ဦးကျော်ဇင်ဟိန်း[၁၂/စခန(နိုင်)၀၆၈၅၅၂]၊ ဦးဝင်းထွဋ်ဝင်း[၁၂/စခန(နိုင်)၀၇၁၇၇၀]၊ ဦးကျော်စွာလင်း[၉/ကဆန(နိုင်)၁၁၄၉၉၃]၊ ဒေါ်နွဲ့ရည်လင်း[၉/ကဆန(နိုင်)၁၂၇၃၂၆]၊ ဦးသက်နောင်လင်း[၉/ကဆန(နိုင်)၁၂၇၃၂၇]၊ ဒေါ်အေးသန္တာ[၉/မဟမ(နိုင်)၀၂၆၇၃၅]၊ ဒေါ်ဖြိုးသဇင် [၉/မနတ(နိုင်)၀၁၉၁၅၅]၊ ဒေါ်ခင်မျိုးသက်[၉/မဟမ(နိုင်)၀၀၅၃၇၄]၊ မောင်ရဲဝင်း [၉/မဟမ (နိုင်)၀၅၈၆၆၈]တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/မြောက်)၊ တိုးချဲ့(၁)လမ်း၊ မြေကွက်အမှတ် (၁၁၉၈/ခ)ဟုခေါ်တွင်သော ဦးစိုးလွင် (MMO-၂၅၇၀၂၉) အမည်ပေါက် အကျယ်အဝန်း (၂၀' x ၆၀')၊ ဧရိယာ(၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"

အထက်ရည်ညွှန်းလိပ်စာပါ မြေနှင့်အိမ်ကို အမည်ပေါက်သူ ဦးစိုးလွင်နှင့် ၎င်း၏ဇနီး ဒေါ်ခင်ထွေးတို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်မို့မို့လွင် [၉/ညဥန(နိုင်)၁၇၇၄၈၇]၊ ဒေါ်မာမာလွင် [၁၂/သကတ(နိုင်)၀၁၄၉၄၈]၊ ဒေါ်သီတာလွင် [၁၂/သကတ(နိုင်)၀၁၈၇၇၉]၊ ဦးမိုးလွှမ်းလွင် [၁၂/သကတ(နိုင်)၀၁၄၉၃၈]၊ ဒေါ်လွှမ်းလွှမ်းလွင် [၁၂/သကတ(နိုင်)၁၅၁၄၅၃] နှင့် ဦးအောင်လွှမ်းလွင် [၁၂/သကတ(နိုင်)၁၂၀၂၃၇] တို့မှ အဆိုပါ အိမ်နှင့်မြေအား ၎င်းတို့သာပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်မာဝေ [၇/မညန (နိုင်)၀၇၆၈၅၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်တင်မာဝေ** | **ဒေါ်ဝင်းဝင်းခိုင် (LL.B)** |
| **၀၉-၇၅၈၂၉၁၁၀၅** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၇)** |

**အမှတ် (၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၀၆၅၉၃၉**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ မြတ်လမ်းမ၊ အင်းဝအိမ်ရာ၊ တိုက်အမှတ်(၅၁)၊ အခန်း(၂၀၁)(ဒုတိယထပ်)၊ အကျယ်အဝန်း (၁၁၇၅) စတုရန်းပေရှိ တိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းအားရောင်းသူ ဒေါ်ဖြူနှင်းခိုင် [၁၁/ကဖန(နိုင်) ၀၄၃၅၂၇]မှ ၎င်းလက်ဝယ်ရှိ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ကြူကြူခိုင် [၁၀/မလမ(နိုင်)၀၃၇၈၇၉]က ဝယ်ယူရန်သဘောတူညီ၍ စရန်ငွေ အချို့ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဝင်းဖြူ (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၂၈၄)**
**အမှတ်-၄၆၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉ -၂၅၁၁၀၃၃၃၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၂)၊ မြေကွက်အမှတ် (၆၅/က)၊ ပိတောက်လမ်း၊ (၇၂)ရပ်ကွက်၊ အကျယ်အဝန်း ( ၂၀ x ၆၀ )ပေ၊ ( ၁၂၀၀ စတုရန်းပေ )ရှိသော ပါမစ်မြေကွက်သည်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ပါမစ်အမည်ပေါက် ဦးခင်မောင်မြင့် ( K/RGN ၀၃၀၇၇၄ ) အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရပ်ကတိ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခြင်းဖြင့်** လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သော **ဒေါ်အေးအေးခိုင် [၁၂/ဒလန(နိုင်) ၀၉၀၄၅၁]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော **ဒေါ်လတ်လတ်မြင့် [၁၂/မဂဒ(နိုင်) ၀၀၁၉၆၉]**က အပြီးအပိုင်ဝယ်ယူရန်အတွက်**(၂၂-၁၀ -၂၀၂၅)** ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် ( LLB, WIPO ( Switzerland )**
**တရားလွှတ်တော်ရှေ့နေ( စဉ် - ၁၂၇၇၄ )**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇၊ လူနေရပ်ကွက်အမှတ်-၆/၁၃၊ မေယုလမ်း၊ မြေကွက်အမှတ်-၂၂၅(က)၊ အကျယ်ပေ(၂၀x၆၀) ရှိ ဒေါ်ခင်ခင်သိန်း အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော မြေကွက်နှင့်မြေကွက်ပေါ်ရှိ ရေ၊ မီးစုံပါ(၂)ထပ်တိုက်လူနေအိမ်တို့၏ ပိုင်ဆိုင်မှုပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူပိုင်ရှင် ဦးအောင်အောင် [၁၂/ရပသ(နိုင်)၀၉၅၅၄၆] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမောင်မောင်သိန်းမှ (၂၂-၁၀-၂၀၂၅) ရက်စွဲပါ "မြေနှင့်အိမ်အပြီးအပိုင် လွှဲပြောင်းရောင်းချခြင်းကတိစာချုပ်" ဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ အိမ်မြေအား လက်ရောက်ရရှိပိုင်ဆိုင်ထားသူ ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမောင်မောင်သိန်း** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၂/လမန(နိုင်)၁၁၆၈၄၁]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄/၆၊ လူနေရပ်ကွက်အမှတ်-၅၊ ရွှက်လှလမ်း၊ မြေကွက်အမှတ်-၁၀၂(ခ)၊ အကျယ်ပေ (၂၀x၆၀)ရှိ ဦးကျော်ဝင်းမောင် အမည်ပေါက် နှစ်(၆၀) ဂရန်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင် ဦးကျော်ဝင်းမောင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင်များဖြစ်သော ဦးကျော်ကျော်အောင် [၁၂/ရပသ(နိုင်)၀၀၇၅၃၄]၊ ဦးကျော်သိန်းအောင် [၁၂/ရပသ(နိုင်)၀၂၃၆၆၇]၊ ဦးအောင်မြင့်(ခ)ဦးမောင်မောင်ခင် [၁၂/ရပသ(နိုင်)၀၁၉၃၁၈]နှင့် ဦးမြင့်သန်း [၁၂/ရပသ(နိုင်)၀၂၂၉၈၀] တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးရဲမင်းထွန်းမှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးရဲမင်းထွန်း** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၈/မတန(နိုင်)၀၄၁၉၆၁]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| | **ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉** |

## "အများသိစေရန်ကြေညာချက်"

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ စက်မှုရပ်ကွက်၊ ဟောင်လိတ်ကျေးရွာ၊ ကွင်းအမှတ်(၂၀+၂၆)၊ ကွင်းအမည်ဟွေ့စိုက်+ဟောင်လိတ်(အရှေ့)၊ မြေကွက်အမှတ်(၆၄)၊ လ/န(၃၉) ခွင့်ပြုမိန့်ကျပြီး ဧရိယာ(၀.၂၂၉)ဧကအကျယ်ရှိ မြေကွက်နှင့်အဆောက်အဦသည် တာချီလိတ်မြို့နယ် မြေစာရင်းရုံးတွင် **ဦးထွန်းထွန်းဦး[၈/နမန(နိုင်)၀၉၇၁၅၉]** အမည်ဖြင့် လ/န(၃၉) ခွင့်ပြုမိန့်ကျပြီး ရောင်းသူ **ဦးထွန်းထွန်းဦး [၈/နမန(နိုင်)၀၉၇၁၅၉]**မှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားခဲ့ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးမြင့်သူ [၉/မခန(နိုင်)၀၂၅၇၈၂]**မှအပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အဆောက်အဦ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ ခွာညိုလမ်း၊ မြေကွက်အမှတ် (၉၀၃/က)၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဦးအောင်စ(KKK-၁၂၀၀၃၅) အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နွယ်နီခမ်းမိုင်[၁၂/ဥကတ(နိုင်)၁၅၇၄၇၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ကျောင်းကုန်း(န/၂၆)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ မြေကွက်အမှတ်(၂၁၄)၊ ဦးမြအေး အမည်ပေါက် စလစ်(မူရင်း)၊ မြေအကျယ်အဝန်း အလျား(၄၀)ပေx အနံ(၆၀)ပေရှိ မြေကွက်ကြီးအနက်မှ အလျား(၂၀)ပေ x အနံ(၆၀)ပေရှိ (ခြေရင်းဘက်ခြမ်း) မြေကွက်နှင့်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သက်သက်အောင်[၁၂/အစန (နိုင်)၁၇၇၁၄၃]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးသန်းဌေး [၁၄/ကခန(နိုင်)၀၄၁၉၆၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် (စရန်ငွေ) တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ညိမ်းညိမ်းထွေး (LLB.DBL)** | **ဒေါ်အေးငြိမ်းသူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၂၃၉)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။၀၉-၇၉၃၉၆၇၂၈၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ နွယ်သာကီ(၆)လမ်း၊ မြေကွက်အမှတ်(၄၄၉/က)၊ အကျယ်အဝန်း (၁၉ပေ ၆ လက်မ x ၆၀ ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြင့်လွင် [၁၂/ဥကမ(နိုင်)၁၃၈၄၈၁] အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို အရပ်ကတိစာချုပ် အဆက်ဆက်များဖြင့် တရားဝင်လက်ရှိ ထားပိုင်ဆိုင်ထားသူ ဒေါ်နွေးနွေးသန်း [၁၂/ဥကမ(နိုင်)၁၇၄၂၅၈] မှ လက်ရှိပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်နန်းဝေ [၁၂/ဥကမ(နိုင်)၁၆၀၀၆၈]က အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော တရားဝင် ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို(LLB,DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၀)**
**အမှတ်(၆၇၈)၊ ဣန္ဒာ(၆)လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၁၇၂၉၁၉၊ ၀၉-၉၇၄၀၀၀၈၃၉**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၇)၊ လူနေရပ်ကွက်အမှတ် - ဃ/၁၃ ရပ်ကွက်၊ မိုးဟိန်းလမ်း၊ မြေကွက်အမှတ်-(၁၄၁)၊ ဗ.က အေးမင်း အမည်ပေါက် မြေချပါမစ်** ထွက်ရှိထားသော အကျယ်ပေ (၄၀x၆၀)၊ စတုရန်းပေ (၂၄၀၀)ရှိ မြေကွက်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိ ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြု လွှဲပြောင်းရောင်းချသူ **ဒေါ်ခင်ဌေးကြူ [၁၃/မကန(ပြု) ၀၀၀၁၉၄]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ရီရီမြင့် [၁၂/အစန(နိုင်)၁၂၇၁၆၃]** မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၄)**
**အမှတ်-(၉၃/ခ)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်၊ (PHASE-2)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၀)၊ ဂန္ဓမာလမ်း၊ မြေကွက်အမှတ်(၆၉)၊ မြေအကျယ်အဝန်း (၈၀ ပေ x ၈၀ ပေ)၊ ဧရိယာ(၀.၁၄၇)ဧက၊ (၆၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါက်တာဇော်မျိုးထွန်း [၁၂/တမန(ဧည့်)၀၀၀၀၅၁]** အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** | **ဒေါ်သက်ထားခိုင် (LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၈၂၃)** | **(စဉ်-၅၆၈၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B)** | |
| | **(စဉ်-၅၆၆၆၂)** | |

**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၃၁၁၄၆၅၄**

❖ **တိုင်းပြည်တစ်ခုရဲ့အချုပ်အခြာအာဏာဆိုတာ သူတို့ကို မထိခိုက်ဘူးဆိုရင် တော်တော်များများက မလုပ်ကြဘူး။ သူတို့ရဲ့အချုပ်အခြာအာဏာ ထိခိုက်လာပြီဆိုရင်တော့ ပြန်လည်တုံ့ပြန်ကြရမှာတော့ သဘာဝပဲ။ ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ရုရှားနိုင်ငံ RT သတင်းဌာန၏ မေးမြန်းမှုများကို ဖြေကြားချက်မှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# မျိုးဆက်သစ် တိုက်ကွမ်ဒိုအားကစားသမားများ မွေးထုတ်ပေးနိုင်ရန် JN25 တိုက်ကွမ်ဒိုကလပ် ဖွင့်လှစ်


**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာ့တိုက်ကွမ်ဒို အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးဆက်သစ်တိုက်ကွမ်ဒို အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး ရည်ရွယ်ကာ အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် JN25 TAEKWONDO CLUB ၏ တိုက်ကွမ်ဒိုကလပ် ဖွင့်လှစ်ခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဇဝနလမ်းနှင့် သီရိရောလမ်းထောင့်ရှိ The Zawana Badminton & Sport Arena ၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦးနှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးနိုင်လင်းတို့က အမှာစကားပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✶





# လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၄**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၂၅ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့၌ မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

# AFC Challenge League ပြိုင်ပွဲ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၄**

အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ကျင်းပမည့် ၂၀၂၅-၂၀၂၆ ရာသီ AFC Challenge League ပြိုင်ပွဲ အုပ်စုပွဲများတွင် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အရှေ့အာရှဇုန် အုပ်စု(E)တွင် အင်ဒိုနီးရှားကလပ် ဒီဝါယူနိုက်တက်အသင်း၊ ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်း၊ တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းတို့နှင့် ကျရောက်နေသည်။ ယင်းပြိုင်ပွဲတွင် အရှေ့အာရှဇုန်၌ အုပ်စုနှစ်ခု၊ အနောက်အာရှဇုန်၌ အုပ်စုသုံးခု ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အရှေ့အာရှဇုန် အုပ်စုနှစ်ခုတွင် အမှတ်အများဆုံးနှစ်သင်းစီ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ကာ အနောက်အာရှဇုန်အုပ်စုသုံးခုတွင်

စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ❖




**ယနေ့ ဖတ်စရာ**

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ပြန်လည်သုံးသပ်ခြင်း အစည်းအဝေး ကျင်းပ**
စာမျက်နှာ » ၅

**အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်ကြမည့် နိုင်ငံရေးပါတီများ**
ဆောင်းပါး
စာမျက်နှာ » ၆

**သီပေါမြို့ အမှတ်(၂)အခြေခံပညာမူလတန်း(လွန်)ကျောင်းနှင့် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းတို့ ထပ်မံဖွင့်လှစ်၊ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**
စာမျက်နှာ » ၁၁

**လှိုင်ကော်တက္ကသိုလ်၌ ၂၀၂၅ ပညာသင်နှစ် အဝေးသင်စာမေးပွဲ အေးချမ်းစွာဖြေဆို**
စာမျက်နှာ » ၁၂

**မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာသည့် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၅၁ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့**
စာမျက်နှာ » ၁၄